ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ သောကြာနေ့၊ (26-11-2010) (၆၅၉၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ❂ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ❂ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး တရားဥပဒေစိုးမိုးရေး စဉ်ဆက်မပြတ်ဆောင်ရွက်

နိုင်ငံတော်၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ဒေသစွဲ၊ လူမျိုးစွဲမထားရှိဘဲ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ ကျရာအခန်းကဏ္ဍက တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် စစ်တွေမြို့မှ ထွက်ခွာခဲ့ပြီး ရသေ့တောင်မြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ရသေ့တောင်မြို့ မေယုခန်းမ၌ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား ရသေ့တောင်မြို့နယ် ဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်က မိုးစပါးစိုက်ပျိုးမှုနှင့် ရိတ်သိမ်းပြီးစီးမှု၊ ဆောင်းသီးနှံစိုက်ပျိုးမှုနှင့် လမ်းတံတားများ အခြေအနေ၊ လျှပ်စစ်မီးရရှိမှုအခြေအနေနှင့် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြေပုံမြို့နယ် ကျွန်းသာယာကျေးရွာ၌ ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

- ✪ **နိုင်ငံတော်က ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် မော်တော်ကားလမ်းများနှင့် ရထားလမ်းများ ဖောက်လုပ်ပေးပြီး လေကြောင်းခရီးကိုပါ တိုးချဲ့ပြေးဆွဲပေးခြင်းများအပါအဝင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို မြှင့်တင်ဆောင်ရွက်ပေးထားခဲ့သဖြင့် ယင်းအခြေခံကောင်းများကို ဒေသခံပြည်သူများ လက်တွေ့အကျိုးခံစားရ။**
- ✪ **နိုင်ငံတော်က ဆောင်ရွက်ပေးထားသည့် အခြေခံကောင်းများအပေါ် အကျိုးရှိစွာအသုံးချပြီး မိမိတို့စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်။**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✽ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✽ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✽ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✽ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✽ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✽ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✽ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✽ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✽ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✽ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✽ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✽ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

၂၆-၁၁-၂၀၁၀ (သောကြာနေ့)

တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်အောင် လက်တွဲဖော်ဆောင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးသည် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုသည် တည်ငြိမ်အေးချမ်းမှုရှိသည်နှင့်အမျှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်က တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေးကို အလေးထားသည်။ တိုင်းရင်းသားပြည်သူအားလုံး၏ စီးပွားရေးဘဝ တိုးတက်ခိုင်မာရေး အစဉ်တစိုက် ဖြည့်ဆည်းဖော်ဆောင်ပေးနေပြီ။ အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းများကို နှစ်ရှည် နှစ်တိုစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုကြိုးပမ်းနိုင်ခဲ့သဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တိုးပွားခိုင်မာဖြစ်ထွန်းနေပြီ။

ပြည်ထောင်စုတစ်ဝန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေရေး ကြိုးပမ်းရာတွင် နယ်မြေဒေသတစ်ခုချင်းမှသည် ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးနေပြီ။ နိုင်ငံတစ်ဝန်း လမ်းကွန်ရက်များ ဖြန့်ကြက်ဖောက်လုပ်ပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်သည် သဘာဝမြစ်ချောင်း၊ တောင်ကုန်းတောင်တန်းပေါများသဖြင့် ဆက်သွယ်သွားလာရာတွင် အခက်အခဲရှိခဲ့သည်။ ယခုအခါ ကားလမ်းမကြီး သုံးသွယ်ကို ဖောက်လုပ်ပေးနိုင်ခဲ့သဖြင့် အခြားပြည်နယ်နှင့်တိုင်းများသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်နေပြီ။ တိုင်းရင်းသားချင်း အနေလည်းနီး ခရီးလည်းပေါက်နေပြီ။ ဒေသအတွင်း၌ တက္ကသိုလ်ကြီးများဖွင့်လှစ်ပေးထားရာ တိုင်းရင်းသားလူငယ်များ ဒေသအတွင်း၌ အဆင့်မြင့်ပညာများ အလွယ်တကူ သင်ယူနေကြပေပြီ။

ပင်လယ်နှင့်နီးစပ်သော ဒေသအချို့တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်၍ ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ကြရသည်။ နိုင်ငံတော်က ထိရောက်သော ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မုန်တိုင်းသင့်မြို့များနှင့် ကျေးရွာများ၌ အချိန်တိုအတွင်း စီးပွားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တိုးတက်မှုရရှိနေပြီဖြစ်သည်။ မူလကထက် သာလွန်ကောင်းမွန်သောအခြေအနေသို့ ရောက်ရှိတော့မည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်နိုင်၍ဖြစ်သည်။

စည်းလုံးညီညွတ်မှု ခိုင်မြဲခြင်းဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းသာယာမည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ပေါ်လာမည်။ တိုင်းရင်းသားပြည်သူအားလုံးတို့က ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အရှည်တည်တံ့ခိုင်ခံ့စေရန် လက်တွဲညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း ကေတုမတီ မြို့တည်နန်းတည် နှစ်(၅၀၀)ပြည့်ပွဲတော် အထိမ်းအမှတ် ဈေးပွဲတော်နှင့် ပြပွဲ၊ ပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၅

ကေတုမတီ မြို့တည်နန်းတည် နှစ်(၅၀၀)ပြည့်ပွဲတော် အထိမ်းအမှတ် ဈေးပွဲတော်နှင့် ပြပွဲ၊ ပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ မိုင်ဒါကွင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း တက်ရောက်သည်။

ရှေးဦးစွာ တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးက အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဈေးပွဲတော်ဆိုင်ခန်းများနှင့် ဝန်ကြီးဌာနပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကာ ကေတုမတီမြို့တည်နန်းတည် နှစ်(၅၀၀)ပြည့်ပွဲတော် နွားအလှပြိုင်ပွဲတွင် နွားတစ်ကောင်ချင်း အလှပြိုင်ပွဲ၊ ချင်းစုံ အလှပြိုင်ပွဲနှင့် နွားဒုံးပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးသည် တောင်ငူမြို့ ခရိုင်အားကစားကွင်း၌ ကျင်းပသည့် ကေတုမတီမြို့တည်နန်းတည် နှစ်(၅၀၀)ပြည့်ပွဲတော် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Eco Echo Exhibition ပြပွဲ၌ Acer ရွှေလမင်းနဂါးကုမ္ပဏီ ပါဝင်ပြသမည်

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၄၆) နှစ်မြောက် အထိမ်းအမှတ် Eco Echo Exhibition ပြပွဲကို နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသမည်ဖြစ်ရာ Acer ရွှေလမင်းနဂါး ကုမ္ပဏီကလည်း ပါဝင်ပြသ ရောင်းချမည်ဖြစ်သည်။

Acer ရွှေလမင်းနဂါးကုမ္ပဏီပြခန်းတွင် နောက်ဆုံးပေါ် 3D နည်းပညာဖြင့် ထုတ်လုပ်ထားသော Laptop, Monitor, Projector များကို ခင်းကျင်းပြသ ရောင်းချပေးမည်ဖြစ်ပြီး လာရောက်ဝယ်ယူကြသူများအား အမှတ်တရ လက်ဆောင်များကိုလည်း ပေးအပ်မည်ဖြစ်သည်။

ပြပွဲကာလ အထူးအစီအစဉ်အဖြစ် Acer ရွှေလမင်းနဂါးကုမ္ပဏီက တင်သွင်းရောင်းချသော Apacer အမှတ်တံဆိပ် Memory Stick 4GB များကို ပုံမှန်ရောင်းဈေး ငွေကျပ် ၇၀၀၀ အစား ၅၀ ရာခိုင်နှုန်း Discount ပေး၍ ငွေကျပ် ၃၅၀၀ ဖြင့် နေ့စဉ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပါဝင်ပြသ

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသော Eco Echo Exhibition ပြပွဲတွင် Acer ရွှေလမင်းနဂါးကုမ္ပဏီ ပါဝင်ပြသစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ သီရိမြိုင် ယာဉ်မောင်းသင်တန်းကျောင်းမှ သင်တန်းမှူး ဒုတိယရဲမှူး ငွေဦးနှင့်အဖွဲ့ နိုဝင်ဘာ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံးချုပ်၌ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၂၁၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောပို့ချစဉ်။

(ကြေးမုံ)

တောင်ကြီးကောလိပ် ကျောင်းသား၊ ကျောင်းသူများ ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၅

တောင်ကြီးကောလိပ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများက တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ YMCA ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာ မရရှိသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရယူနိုင်သည်။

အလှူငွေပါဝင်လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် လီယို ဖုန်း-၀၉-၅၀၁၁၃၉၂၊ ဒေါက်တာသာညဏ် ဖုန်း-၀၉-၈၀၃၃၄၄၆၊ ဦးမြင့်လွင်ခိုင်-ဒေါ်မြင့်မြင့်တင် ဖုန်း-၀၉-၅၀၄၆၈၉၉၊ ဦးအောင်မြင့် (ပျော်ဘွယ်) ဖုန်း-၀၆၄-၄၉၅၂၄၊ စိုင်းဇော်မင်း(ကျိုင်းတုံ) ဖုန်း-၀၉-၅၂၅၀၁၂၁၊ ဦးမောင်မောင်လေး (သီပေါ) ဖုန်း-၀၉-၅၀၁၇၁၉၆၊ စိုင်းသိန်းထွေး (ကျောက်မဲ) ဖုန်း-၀၆၇-၂၂၀၇၄၊ ၀၆၇-၂၂၀၇၅၊ ဦးခင်မောင်ဆွေ(အောင်ပန်း) ဖုန်း-၀၉-၅၀၀၂၄၅၀၊ ဦးဝင်းလွင်-ဒေါ်မိမိချမ်း(တောင်ကြီး) ဖုန်း-၀၈၁-၂၁၇၂၀၊ ဒေါ်နန်းခင်အေး(တောင်ကြီး) ဖုန်း-၀၉-၅၂၄၀၄၀၂၊ ဦးခင်မောင်အေး (တောင်ကြီး) ဖုန်း-၀၉-၅၁၃၇၄၂၃၊ ဒေါ်မေကြင် ဖုန်း-၂၁၀၉၈၇၊ ဒေါ်စိန်စိန်မြင့်(ကျောက်မဲ) ဖုန်း- ၀၈၂-၄၀၂၁၀၊ ဒေါ်စွမ် ဖုန်း-၂၂၃၃၂၅၊ ဒေါ်ခင်ဝင့်အေးအေး ဖုန်း-၀၉-၅၁၅၃၇၈၇၊ ဒေါ်ခင်စိမ်းဝင်း(မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၅၈၁၊ ဒေါ်ထွေးခင် ဖုန်း-၂၂၃၉၀၃၊ ဒေါ်နယ်လီထွန်း(မန္တလေး) ဖုန်း-၀၂-၃၃၉၈၉၊ ဒေါ်ခင်မာရီ ဖုန်း-၀၆၇-၇၀၂၇၆၊ ဦးသန့်စင် ဖုန်း-၅၀၈၇၀၉ Ext-၃၆၀၊ ဒေါ်ခင်စစ်ဝေ ဖုန်း-၅၆၃၅၉၄၊ ဒေါ်စဝ်သီတာထွေး ဖုန်း-၆၆၂၇၃၂၊ ဒေါ်တင်တင်နွဲ့ (လှိုင်ကော်) ဖုန်း-၂၅၂၉၉၂၊ ဒေါ်ယုယုလွင် ဖုန်း-၂၁၀၅၁၉၊ ဒေါ်စီစီဝင်း ဖုန်း- ၅၅၆၇၃၇၊ ဒေါ်သိန်းသိန်းလှ ဖုန်း- ၅၃၅၂၉၀၊ ဒေါ်ဆွေဆွေဦး ဖုန်း-၃၈၆၆၇၊ ဒေါ်မေမေတင် ဖုန်း-၇၀၈၅၃၃ နှင့် စိုင်းစိုးမြင့်ဆွေ-ဒေါ်စုစုသန်းဖေ ဖုန်း-၅၇၉၃၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

WISE မှ ABE Diploma သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၂၅

Association of Business Executives (ABE), UK က Accredited College အဖြစ် အသိအမှတ်ပြုထားသော Wise International School for Executives (WISE) ၏ ABE Diploma in Business Management သင်တန်းများကို ဒီဇင်ဘာလတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး အောင်မြင်သူများအား ABE, UK က နိုင်ငံတကာအဆင့်မီ အောင်လက်မှတ်များကို တိုက်ရိုက်ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ Diploma အောင်လက်မှတ်များသည် နိုင်ငံတကာရှိ တက္ကသိုလ်၊ ကောလိပ်များက အသိအမှတ်ပြုထားသဖြင့် စီးပွားရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးတို့နှင့် သက်ဆိုင်သော ဘာသာရပ်များကို မိမိသွားရောက် ပညာသင်ကြားလိုသော နိုင်ငံများတွင် ဝင်ခွင့်စာမေးပွဲများ ဖြေဆိုစရာမလိုဘဲ တက္ကသိုလ် ဒုတိယနှစ်၊ တတိယနှစ် သင်တန်းများနှင့် MBA ဒုတိယနှစ် သင်တန်းများကို တိုက်ရိုက်တက်ရောက် သင်ယူနိုင်မည်ဖြစ်သည်။

သင်တန်းပြီးဆုံးသွားပါက ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်စွာ စီမံအုပ်ချုပ်နိုင်ရုံသာမက ကုမ္ပဏီများ၊ လုပ်ငန်းအဖွဲ့အစည်းများမှ အုပ်ချုပ်သူများ၊ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသော ဝန်ထမ်းများပါ တက်ရောက်သင်ကြားပါက ကျွမ်းကျင်ပြီး အရည်အသွေးပြည့်ဝသော ဝန်ထမ်းကောင်းများ ရရှိစေပြီး အချိန်တိုအတွင်းတွင် လုပ်ငန်းများကို တိုးတက်အောင်မြင်နိုင်မည်ဖြစ်သည်။

WISE က ဖွင့်လှစ်သင်ကြားလျက်ရှိသော ABE သင်တန်းများတွင် အသက်(၁၆)နှစ် ပြည့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီးသူတိုင်းတက်ရောက် သင်ကြားနိုင်သော Certificate သင်တန်းများ၊ တက္ကသိုလ် တစ်ခုခုတွင် ပညာသင်ကြားနေသော ကျောင်းသားများနှင့် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရပြီး လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေသူများအတွက် Diploma သင်တန်းများနှင့် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရပြီး အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုရာထူးများတွင် အနည်းဆုံး လုပ်သက် နှစ်နှစ်ရှိသူများအတွက် Advance Diploma သင်တန်းများကိုပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းကာလမှာ ၆ လဖြစ်ပြီး စာမေးပွဲကို ၂၀၁၁ ခုနှစ် ဇွန်လဆန်းတွင် ABE, UK က ကြီးမှူး၍ တိုက်ရိုက်စစ်ဆေးသွားမည်ဖြစ်သည်။ ထို့အပြင် WISE က လစဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော Short Course များကိုလည်း သင်တန်းကြေး အခမဲ့ဖြင့် တက်ရောက်သင်ကြားနိုင်မည့် အခွင့်အရေး ရရှိမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ စိတ်ပါဝင်စားသူများ၊ ကုမ္ပဏီများ၊ လုပ်ငန်းအဖွဲ့အစည်းများသည် Wise International School for Executives အခန်းအမှတ် (၁၀၀၉) (၁၀) ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ "Thirst Aid" ၏ ကူညီပံ့ပိုးမှုတို့ဖြင့် နိုဝင်ဘာ ၂၇ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးမိုးကျော် (MMRD) က "မြန်မာနိုင်ငံရှိ ထိပ်ဆုံးရောက်နေသော ကုန်ပစ္စည်းအမှတ်တံဆိပ်များ ၂၀၁၀" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ
ရန်ကုန်တောင်ပိုင်းခရိုင် ဒေသဖွံ့ဖြိုးမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ကော့မှူးမြို့နယ် တွံ့တေး-ကော့မှူး- ကွမ်းခြံကုန်းလမ်းပိုင်းအား လမ်းသားအဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားစီမံဆောင်ရွက်ပေးသည်။

ထို့နောက် ကမာပါကျေးရွာ တောင်သူတစ်ဦး၏ လယ်မြေတွင် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုကိုကြည့်ရှုပြီး လိုအပ်သည်များမှာကြားကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လမ်းဘေး ဝဲ၊ ယာတစ်လျှောက်ရှိ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကွမ်းခြံကုန်း ရေထိန်းတံခါးသို့ရောက်ရှိရာ တာဝန်ရှိသူများက ရေထိန်းတံခါးဆိုင်ရာ အချက်အလက်များ၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်တို့အတွင်း ရေထိန်းတံခါးအကျိုးပြု မိုးစပါးနှင့်နွေစပါး စိုက်ပျိုးနိုင်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်တင်ငွေက စိုက်ပျိုးရေအပြည့်အဝ ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားစီမံဆောင်ရွက်ပေးပြီး ရေထိန်းတံခါး၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လက်ခုပ်ကုန်းကျေးရွာဒလ-သခွတ်ပင်-လက်ခုပ်ကုန်းလမ်းပိုင်းအား လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်တင်ငွေသည် လက်ခုပ်ကုန်းကျေးရွာရှိ Cyclone Shelter သို့ရောက်ရှိပြီး Cyclone Shelter အတွင်း နည်းပညာအထက်တန်းကျောင်းဖွင့်လှစ်၍ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လိုအပ်ချက်များမေးမြန်းကာ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထို့နောက် လက်ခုပ်ကုန်းကျေးရွာ Cyclone Shelterနှင့် သက်ကယ်ကုန်းမြင့်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ သဘာဝဘေးအန္တရာယ် အရေးပေါ်ကြုံပါက အဆင်သင့်ခိုလှုံနိုင်ရေးနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား လိုအပ်သည်များ စီမံဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် လက်ခုပ်ကုန်းတိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးဝါးကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး၍ ထောက်ပံ့ငွေများပေးအပ်ကာ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒလ-သခွတ်ပင်-လက်ခုပ်ကုန်းလမ်းပိုင်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးက ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့အတွင်း လမ်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြပြီး ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်တင်ငွေက လိုအပ်သည်များ ဆွေးနွေးမှာကြားကာ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်တင်ငွေသည် ဒလမြို့နယ် သပြေကုန်းကျေးရွာ တောင်သူတစ်ဦး၏လယ်မြေတွင် မိုးစပါးစက်ကွက်ရိတ်သိမ်းနေမှုနှင့် စပါးခြွေလှေ့နေမှုတို့ကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ကျေးရွာ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ဒလမြို့နယ် သပြေကုန်းရွာ၌ စပါးခြွေလှေ့နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မုံရွာမြို့ အထက(၁) (ယခင် ဗုဒ္ဓဘာသာကျောင်း) အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထက(၁) (ယခင် ဗုဒ္ဓဘာသာကျောင်း) အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၁၈၅ ဦးတို့အား (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် အထက(၁) မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပမည်ဖြစ်သဖြင့် ရပ်ဝေး၊ ရပ်နီးမှ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဦးကျော်နိုင် ဖုန်း -၀၇၁-၂၂၇၂၂၊ လိုင်းခွဲ-၃၀၁၊ ၀၉-၆၄၆-၀၅၄၃ ၊ဦးမျိုးမြင့် ဖုန်း-၀၉-၂၁၃၀၈၁၆၊ ဦးဝင်းဗိုလ် ဖုန်း -၀၇၁-၂၂၄၈၇နှင့် ဒေါ်ခင်ဆွေမြင့်(၂) အထပြ၊ အထက(၁) ဖုန်း-၀၇၁-၂၁၂၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



အာဆီယံ-တရုတ် လူငယ်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ အနုပညာဆိုင်ရာများလေ့လာ

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ဆွေးနွေးဖက်ဆက်ဆံရေး (၁၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် Cultural Trail From China to ASEAN ခေါင်းစဉ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ်လူငယ်ချစ်ကြည်ရေးစခန်းချပွဲသို့ တက်ရောက်လာကြသော လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာတာဝန်ရှိသူ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမှန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့သွားရောက်၍ အနုပညာဆိုင်ရာများကို လေ့လာကြသည်။

ရှေးဦးစွာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါ်စန္ဒာခင်က စတူဒီယိုခန်းမ၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ သမိုင်းကြောင်းနှင့် အနုပညာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ဟောပြောပို့ချသည်။ **(အပေါ်ပုံ)**

ထို့နောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လူငယ်ကိုယ်စားလှယ် အဖွဲ့ဝင်များသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဝင်းအတွင်းရှိ သတ်မှတ်နေရာ၌ အာဆီယံ-တရုတ် လူငယ်ချစ်ကြည်ရေးစခန်းချပွဲ အထိမ်းအမှတ်အဖြစ် ရွှေသပြေပင်ကို စုပေါင်းစိုက်ပျိုးပေးကြသည်။

ယင်းနောက် လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အဖွဲ့လေးဖွဲ့ခွဲ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အခြေခံအက၊ အခြေခံဂီတပညာနှင့် မြန်မာ့ရိုးရာပန်းချီ၊ ပန်းပုစသည့် အနုပညာဆိုင်ရာများကို လက်တွေ့လေ့လာသင်ယူကြပြီး ယင်းတို့၏ လေ့လာသင်ယူမှုအပေါ် တွေ့ရှိချက်အမြင်များကို သုံးသပ်ဆွေးနွေးကြသည်။

ညပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လူငယ်ကိုယ်စားလှယ် အဖွဲ့ဝင်များအား ကျင်းပရေးကော်မတီက စိမ်းလန်းစိုပြည် ဥယျာဉ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

Eco Echo Exhibition-EEE (2010)
ကုန်စည်ပြပွဲ၌ အပန်းဖြေ၍ ဈေးဝယ်နိုင်

ရန်ကုန် နိုဝင်ဘာ ၂၅

စီးပွားရေးတက္ကသိုလ်ဘွဲ့ရ အောင်မြင်သောလုပ်ငန်းရှင်များ၏ ဆုံဆည်းမှုအမှတ်တရ (Rendezvous)အဖြစ် ဝမ်းမြောက်ယှဉ်တွဲ ဂုဏ်ယူဆင်နွှဲ ကုန်စည်ပြပွဲ Eco Echo Exhibition-EEE (2010)ကို နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကုန်စည်ပြပွဲတွင် စီးပွားရေးတက္ကသိုလ်ဘွဲ့ရ အောင်မြင်နေသော စီးပွားရေးလုပ်ငန်းရှင် ၄၀ တို့က ဆိုင်ခန်းပေါင်း ၁၅၀ ခင်းကျင်းကာ စားသောက်ကုန်၊ လူသုံးကုန်၊ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးနှင့် Automobiles တို့ကို လှပဆန်းကြယ် စိတ်ဝင်စားဖွယ် ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ထို့အတူ စီးပွားရေးပညာရှင်များ၏ ဟောပြောပွဲများ၊ အနုပညာရှင် မောင်မေတ္တာနှင့်အဖွဲ့၏ ဖျော်ဖြေမှု အစီအစဉ်များ၊ အဆိုတော်များ၏ စီးပွားရေးတက္ကသိုလ် အလွမ်းပြေ တေးသံသာများဖြင့် ပျော်ရွှင်စွာ နားနေအပန်းဖြေစရာ၊ သက်သောင့်သက်သာ ဈေးဝယ်စရာ စခန်းသာဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းဖြင့် တိုးတက်အောင်မြင်လိုသော လူငယ်လုပ်ငန်းရှင်တိုင်း အောင်မြင်နေသော စီးပွားရေးတက္ကသိုလ်ဘွဲ့ရ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ဆွေးနွေးသင့်သည်။ ထို့အပြင် လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများကို Discount များ၊ Lucky Draw များဖြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန် စီစဉ်ထားပြီး မိမိတို့၏ လုပ်ငန်းများတွင် အကျိုးရှိရှိ အသုံးပြုနိုင်ရေးအတွက် နောက်ဆုံးပေါ် နည်းပညာ အသစ်အဆန်းများကိုလည်း လေ့လာဝယ်ယူနိုင်အောင် အထူးအစီအစဉ် Discount ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

EEE ကုန်စည်ပြပွဲကြီးနှင့်အတူ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA)က ဦးဦးဖျားဖျား ထူးထူးခြားခြား ထုတ်ဝေမည့် Eco Echo ဂျာနယ် အတွဲ(၁) အမှတ်(၁)ကိုလည်း ထုတ်ဝေသွားမည်ဖြစ်သည်။ အဆိုပါ ဂျာနယ်တွင် "အိုကိုမှာ ပွင့်လန်းတစ်ပွင့်ပန်းဒိုင်ယာရီ" ဆိုသော ရုပ်ရှင်အကယ်ဒမီ ဆွေဇင်ထိုက်အကြောင်း မျက်နှာဖုံးဆောင်းပါး၊ စီးပွားသုတ၊ စီးပွားရသ၊ စီးပွားစာပန်းခင်း၊ အိုကိုအလွမ်းပြေ ကုံကော်မြေ စသောကဏ္ဍများ၊ စီးပွားရေးမဟာဗျူဟာ၊ ဘဏ္ဍာရေးဈေးကွက်အကြောင်း၊ ကိုယ်တွေ့ ဘောဂဗေဒ၊ မားကတ်အီကိုနော်မီ၊ ဓာတ်ပုံများကပြောသော ခေတ်ဟောင်းပုံရိပ်များ စသည့် လေ့လာစရာ စီးပွားရေးအမြင်ပညာများပါရှိသည်။

အပန်းလည်းပြေ၊ နားနေစရာလည်းရ၊ ဈေးနှုန်းလည်းသက်သာလှသော မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) ၏ Eco Echo Exhibition-EEE (2010) ကုန်စည်ပြပွဲ ကျင်းပသည့် တပ်မတော်ခန်းမဆီသို့ အချိန်မီကြွရောက် လေ့လာဆွေးနွေး ဝယ်ယူနိုင်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၆-၁၁-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၄၅	၃။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၀	၄။	မဟာဂီတချိုကြည်မြ
၄း၅၅	၅။	ပညာပေးဇာတ်လမ်းတို
၅း၀၀	၆။	မျိုးချစ်တပ်မတော်
၅း၀၅	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၂၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၀။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -မီးခိုးရောင်ဝံပုလွေ (အပိုင်း-၄)
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၃။	"ရွှာ"ဟာသဇာတ်လမ်းတွဲ
၆း၄၅	၁၄။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၃၀)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	စိုက်ပျိုးသုတ
	၂၁။	သံစဉ်များနှင့်ကမ္ဘာ
	၂၂။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၃၀)**
	၂၅။	ကမ္ဘာတစ်ခွင်ခရီးစဉ်
	၂၆။	သင့်အတွက်မနက်ဖြန်
	၂၇။	အပိတ်နှုတ်ဆက်စကား
	၂၈။	ပြီးပါပြီ။

နိုင်ငံတကာသတင်းများ **နိုင်ငံတကာသတင်းများ**

သေနတ်ကိုင်ဆောင်ခွင့်အသက်ကန့်သတ်ချက် ဗြိတိန်၌လျှော့ချပေးရန်အကြံပြု

လန်ဒန် နိုဝင်ဘာ ၂၅ - ဗြိတိန်နိုင်ငံတွင် အသက် (၁၀)နှစ်နှင့်အထက် ကလေးများအား သေနတ်ကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားမှုကို ခွင့်ပြုပေးသင့်ကြောင်း ရဲတပ်ဖွဲ့၏ အထက်တန်းတာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၂၃ရက်တွင် အကြံပြုလိုက်သည်။

ဗြိတိန်နိုင်ငံတွင် သေနတ်ကိုင်ဆောင်ခွင့်ဆိုင်ရာ အသက်ကန့်သတ်ချက်ကို (၁၄)နှစ်မှ (၁၀)နှစ်သို့ လျှော့ချပေးသင့်ကြောင်း လက်ထောက်ရဲချုပ် အက်ဒရီယန်ဝှိုက်တင်းက ပြောကြားသည်။

အသက် (၁၀)နှစ်အထိ ငယ်ရွယ်သောကလေးများသည် သေနတ်လိုင်စင်စည်းမျဉ်းများနှင့်အညီ သေနတ်ကိုင်ဆောင်နိုင်စွမ်းရှိသဖြင့် ဥပဒေအရ အသက်အကန့်အသတ်ထားချက်ကို လျှော့ချပေးသင့်ကြောင်း ဝှိုက်တင်း၏ ပြောကြားချက်ကို ကိုးကားလျက် အင်ဒီပင်းဒင့်သတင်းစာတွင် ဖော်ပြသည်။

သို့ရာတွင် လက်နက်ငယ်ကိုင်ဆောင်မှုဆန့်ကျင်ရေးအဖွဲ့အစည်းများက ဝှိုက်တင်း၏ ပြောကြားချက်ကို ဝေဖန်ရှုတ်ချကြသည်။

ရဲတပ်ဖွဲ့အထက်တန်းတာဝန်ရှိသူတစ်ဦး၏ အကြံပြုချက်မှာ စိတ်ပျက်ဖွယ်ရာကောင်းလှကြောင်း၊ အသက် (၁၀)နှစ် ကလေးတစ်ဦးအနေဖြင့် လက်နက်ကိုင်ဆောင်ခွင့်ရှိသင့်သည်ဟု မိမိမထင်မြင်မိကြောင်း သေနတ်ကိုင်ဆောင်မှု ဆန့်ကျင်ရေး မိခင်များအဖွဲ့ ထူထောင်သူ လူစီကုပ်ကပြောကြားသည်။

ယနေ့ကာလလူငယ်များအတွင်း ရေပန်းစားနေသော ကွန်ပျူတာဂိမ်းများသည် အကြမ်းဖက်တိုက်ခိုက်မှုများကို သရုပ်ဖော်ထားရာ ကလေးများ၏လက်ဝယ်တွင် သေနတ်များရှိနေခြင်းဖြင့် အကြမ်းဖက်မှုပြုလုပ်ရန် တွန်းအားပေးသကဲ့သို့ ဖြစ်နိုင်ကြောင်း ၎င်းကပြောကြားသည်။ **အင်တာနက်။**

ဒျူထိပ်ဖူး သယ်ဆောင်နိုင်သည့် တာတိုပစ်ဒုံးကျည် အိန္ဒိယစမ်းသပ်ပစ်ခတ်

နယူးဒေလီ နိုဝင်ဘာ ၂၅

အိန္ဒိယနိုင်ငံသည် နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သည့် ၎င်း၏စွမ်းဆောင်ရည်အမြင့်ဆုံး တာတိုပစ်ဒုံးကျည်အမျိုးအစားသစ်တစ်မျိုးကို စစ်ရေးလေ့ကျင့်မှုတစ်ခုအတွင်း ကြာသပတေးနေ့က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။



အဆိုပါ ဒုံးကျည်ကို စမ်းသပ်ပစ်ခတ်ခြင်းမပြုမီ ပါကစ္စတန်နိုင်ငံကို ကြိုတင်အသိပေးခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

နျူကလီးယားလက်နက်များ အသီးသီးပိုင်ဆိုင်ထားကြပြီး ပြိုင်ဘက်နိုင်ငံများလည်းဖြစ်သော အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့သည် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများကို မကြာခဏပြုလုပ်လေ့ရှိပြီး ယင်းသို့လုပ်ဆောင်ခြင်းမရှိမီ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကြိုတင်အသိပေးလေ့ရှိသည်။

အိန္ဒိယနိုင်ငံက ကြာသပတေးနေ့တွင် စမ်းသပ်ပစ်ခတ်ခဲ့သည့် ဒုံးကျည်သည် အဂ္ဂနီ-၁ ဒုံးကျည်ကို ပြည်တွင်း၌ပင် အဆင့်မြှင့်မွမ်းမံတည်ဆောက်ထားခြင်းဖြစ်ပြီး ၄၃၅ မိုင်အကွာအဝေးထိ ပစ်ခတ် နိုင်စွမ်းရှိသည်။

အဆိုပါ ဒုံးကျည်ကို ဩရိဿပြည်နယ်အရှေ့ပိုင်း ကမ်းရိုးတန်းကမ်းလွန်ရှိ ကျွန်းတစ်ကျွန်းပေါ်မှ ပစ်ခတ်စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းဒုံးကျည်သည် အလေးချိန်အားဖြင့် ၁၂ တန်လေးပြီး အဆင့်မြင့် နည်းပညာသုံး ပဲ့ထိန်းစနစ်တစ်ရပ်ကို ထည့်သွင်းတည်ဆောက်ထားသည်။ ယင်းဒုံးကျည်သည် ပေါင်ချိန် ၂၂၀၀ ရှိသည့်ထိပ်ဖူးကို သယ်ဆောင်နိုင်စွမ်းရှိသည်။ **အေပီ။**

နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်ရန် အိန္ဒိယနိုင်ငံက မွမ်းမံတည်ဆောက်ခဲ့သော အဂ္ဂနီ-၁ တာတိုပစ်ဒုံးကျည်။

အာဖဂန်တွင်တာဝန်ကျစဉ် လူမှုရေးစည်းမျဉ်းချိုးဖောက်သူ ကနေဒါတပ်မှူးဟောင်း ရုံးတင်စစ်ဆေးခံရ

ဗင်ကူးဗား နိုဝင်ဘာ ၂၅ - လက်အောက်ငယ်သားအရာရှိများနှင့် မဖွယ်မရာ အနေအထိုင်များရှိခဲ့ကြောင်း စွပ်စွဲချက်များကြောင့် အာဖဂန်စစ်မြေပြင်၌ တာဝန်ထမ်းဆောင်ခဲ့သော ကနေဒါတပ်မှူးဟောင်းတစ်ဦးကို စစ်ခုံရုံးတင်စစ်ဆေးမည်ဖြစ်ကြောင်း ကနေဒါစစ်ဘက်က နိုဝင်ဘာ ၂၃ရက်တွင်ပြောကြားသည်။

စစ်ဘက်၏ တင်းကျပ်သော လူမှုရေးဥပဒေများကို ချိုးဖောက်မှုနှစ်မှုနှင့်တရားဥပဒေကို နှောင့်ယှက်မှုလေးမှုတို့ဖြင့် ဗိုလ်မှူးချုပ်ဟောင်း ဒန်နီရယ်လ်မေနက်ဒ်ကို တရားစွဲဆိုမည်ဖြစ်ကြောင်း ကနေဒါစစ်ဘက်၏ ထုတ်ပြန်ချက်တွင်ဖော်ပြသည်။

ပြီးခဲ့သည့်မေလက တာဝန်မှရုပ်သိမ်းခံခဲ့ရသော မေနက်ဒ်သည် ၎င်း၏အုပ်ချုပ်မှုအောက်ရှိ အမျိုးသမီးစစ်ဘက်ဆိုင်ရာအရာရှိများနှင့် ဇာတ်လမ်းရှုပ်ခဲ့ကြောင်းလည်း စွပ်စွဲခံထားရသည်။

မေနက်ဒ်၏ အမှုအခင်းကဲ့သို့ပင် ကနေဒါစစ်ဘက်အတွက် မျက်နှာပျက်ဖွယ်ပြဿနာများစွာတို့သည် ပြီးခဲ့သည့်နှစ်ကလည်း ဖြစ်ပွားခဲ့သည်။

ကနေဒါစစ်ဘက်အတွက် ဟိုးလေးတကျော်ဖြစ်ခဲ့ရသည့် အမှုအခင်းတစ်ရပ်မှာ ကနေဒါနိုင်ငံရှိ အကြီးဆုံးလေတပ်စခန်း၏တပ်မှူး ရပ်ဆဲလ်ဝီလျံ၏ အမှုဖြစ်သည်။ ၎င်းသည် နေအိမ်ပိုင်နက်ကျူးလွန်မှုများနှင့် လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်စော်ကားမှုများအပြင် အမျိုးသမီးနှစ်ဦးကို သတ်ဖြတ်မှုများဖြင့် ပြီးခဲ့သည့် အောက်တိုဘာလက တရားစွဲခံခဲ့ရသည်။ **အမ်အင်အေ၊ ရိုက်တာ။**

ယဇ်ပူဇော်သည့်အနေဖြင့် အိန္ဒိယ ကလေးနှစ်ဦး အသတ်ခံရ

နယူးဒေလီ နိုဝင်ဘာ ၂၅

အိန္ဒိယနိုင်ငံအလယ်ပိုင်း၌ ကလေးကိုသတ်ဖြတ်၍ ယဇ်ပူဇော်မှု ပြုလုပ်ခဲ့သည်ဟု ယူဆရသော အမှုအခင်းတစ်ရပ် ကြာသပတေးနေ့က ဖြစ်ပွားခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်၍ ပယောဂဆရာတစ်ဦးနှင့် ၎င်း၏ဇနီးအပါအဝင် လူ ၁၁ ဦးကို ချာတစ်ဂါရ်ပြည်နယ်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ပယောဂဆရာ၏ နေအိမ်အတွင်း နှစ်နှစ်အရွယ်ကလေးတစ်ဦး၏ ရုပ်အလောင်းကို ရဲတပ်ဖွဲ့က နိုဝင်ဘာ ၂၄ ရက်တွင် ရှာဖွေတွေ့ရှိပြီးနောက် အမှုနှင့်ဆက်စပ်သူများကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားရာ ချာတစ်ဂါရ်ပြည်နယ် ဘီလိုင်းမြို့၌ ရဲတပ်ဖွဲ့က ဆက်လက်ရှာဖွေမှုများ လုပ်ဆောင်ခဲ့ရာ ဒုတိယမြောက် ယဇ်ကောင်ဟုယူဆရသူ ခြောက်နှစ်အရွယ် မိန်းကလေးတစ်ဦး၏ ရုပ်ကြွင်းကို ထပ်မံတွေ့ရှိခဲ့သည်။

ဖမ်းဆီးခံထားရသည့် ပယောဂဆရာက ကံကောင်းစေရန်နှင့် မှော်စွမ်းအင်များပိုင်ဆိုင်ရန် ကလေးနှစ်ဦးကို ယဇ်ကောင်များအနေဖြင့် သတ်ဖြတ်ခဲ့သည်ဟု ဝန်ခံခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ အိန္ဒိယနိုင်ငံရှိ ဖွံ့ဖြိုးမှုမရှိသေးသော အချို့ဒေသများတွင် စုန်းမှော်ပညာကဲ့သို့ သဘာဝလွန် ယုံကြည်မှုများကို လက်ခံနေဆဲဖြစ်သည်။ **အေအက်ဖ်ပီ။**

ဇာတ်ခွဲခြားမှုစနစ်ကြောင့် အိန္ဒိယခရိုင်တစ်ခုမှ အိမ်ထောင်မရှိသူ မိန်းမပျိုများ ဖုန်းသုံးစွဲခွင့်အပိတ်ခံရ

နယူးဒေလီ နိုဝင်ဘာ ၂၅ - အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် ကျေးရွာတစ်ရွာ၌ ဒေသန္တရအာဏာပိုင်အဖွဲ့တစ်ဖွဲ့က လက်မထပ်ရသေးသော မိန်းမပျိုများ လက်ကိုင်ဖုန်းကိုင်ဆောင်အသုံးပြုခြင်းကို တားမြစ်ခဲ့ကြောင်း နိုဝင်ဘာ ၂၄ ရက်သတင်းများတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ ကျေးလက်ဒေသများတွင် လူမျိုး ဇာတ်ခွဲခြားမှုစနစ် ကျင့်သုံးနေဆဲဖြစ်ရာ မတူကွဲပြားသော ဇာတ်အဆင့်အတန်းအမျိုးမျိုးမှ လက်ကိုင်ဖုန်းကိုင်ဆောင်သူ များအကြား ဇာတ်ခွဲခြားမှုစနစ်အရ ခွင့်ပြုနိုင်ခြင်းမရှိသည့် အချစ်ဇာတ်လမ်းများ မပေါ်ပေါက်စေရန် မိန်းမပျိုများ လက်ကိုင်ဖုန်းကိုင်ဆောင်ခွင့်ကို တားမြစ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ပြီးခဲ့သည့်နှစ်အတွင်း မိဘဆွေမျိုးများ၏ အလိုဆန္ဒကို ဆန့်ကျင်၍ ချစ်သူစုံတွဲ ၂၃ တွဲ ခိုးရာလိုက်ပြေးပြီးနောက် လက်ကိုင်ဖုန်းကိုင်ဆောင်ခွင့်ကို တားမြစ်ရန် ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဘာလီယန်ကျေးရွာကောင်စီက ဒေသန္တရဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

သမီးရည်းစားများသည် ၎င်းတို့၏လက်ကိုင်ဖုန်းများဖြင့် ခိုးရာလိုက်ပြေးကြရန် ချိန်းချက်စီစဉ်ခဲ့ကြကြောင်း ကျေးရွာအကြီးအကဲတစ်ဦးက ဆိုသည်။

အမျိုးဇာတ်လေးမျိုးကွဲ

ဟိန္ဒူလူ့အဖွဲ့အစည်း၏ အစဉ်အလာအရ ဗြဟ္မဏ (ဘာသာရေးခေါင်းဆောင်များနှင့် ပညာရှင်များ)၊ ခတ္တိယ (စစ်သည်တော်များ)၊ ဝေဿ (ကုန်သည်များ)နှင့် သုဒ္ဒ (အလုပ်သမားများ) ဟူ၍ အမျိုးဇာတ်လေးမျိုးခွဲထားပြီး ယင်းဇာတ်လေးမျိုးထဲတွင် ပါဝင်ခြင်းမရှိသူတို့မှာ ဇာတ်နိမ့်အပယ်ခံများဖြစ်ကြသည်။

မတူညီသော မျိုးရိုးဇာတ်များမှ ပေါက်ဖွားလာသူများ လက်ထပ်ထိမ်းမြားခြင်းကို အိန္ဒိယကျေးလက်ဒေသများတွင် လက်ခံခွင့်ပြုခဲလှပြီး ယင်းသို့လုပ်ဆောင်ခဲ့ပါက မိဘအသိုင်းအဝိုင်း၏ ဂုဏ်သိက္ခာကို ကာကွယ်သည့်အနေဖြင့် မိဘမောင်ဖွားများ၏ သတ်ဖြတ်မှုကို ရံဖန်ရံခါ ခံကြရသည်။ **အေအက်ဖ်ပီ။**

သဲကန္တာရများ ကျယ်ပြန့်လာမှု တားဆီးရေး အလျင်အမြန် လုပ်ဆောင်ရန်လိုအပ်

အယ်လ်ဂျီးယား နိုဝင်ဘာ ၂၅

မြောက်အာဖရိကဒေသ၌ ကန္တာရမြေများ ပိုမိုကျယ်ပြန့်လာမှုကို တားဆီးနိုင်ရေးအတွက် အလျင်အမြန်တုံ့ပြန်ဆောင်ရွက်ရန်လိုအပ်ကြောင်း အယ်လ်ဂျီးရီးယားစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးက နိုဝင်ဘာ ၂၄ရက်တွင် ပြောကြားသည်။

ကန္တာရမြေများပိုမိုကျယ်ဝန်းလာမှုသည် မြောက်အာဖရိက၏ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးကို အဓိက ခြိမ်းခြောက်နေသော ပြဿနာတစ်ရပ်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ကန္တာရမြေများပိုမိုကျယ်ဝန်းလာခြင်းအား တားဆီးနိုင်ရန် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သင့်ကြောင်း အယ်လ်ဂျီးရီးယားစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး၏ အဆိုကို ကိုးကား၍ သတင်းများတွင် ဖော်ပြထားသည်။

ကမ္ဘာမြေ၏သုံးပုံတစ်ပုံကို ခြိမ်းခြောက်လျက်ရှိသော သဲကန္တာရများဖြစ်ထွန်းမှုပြဿနာကို ဖြေရှင်းနိုင်ရန် လိုအပ်သည့်နည်းလမ်းမှန်သမျှကို နိုင်ငံတကာအနေဖြင့် အသုံးပြုရမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ၏ အစီအစဉ်တစ်ရပ်ဖြစ်သော သဲကန္တာရများ ကျယ်ဝန်းလာမှု တားဆီးရေးဆိုင်ရာ ဒေသတွင်း ဗဟိုဌာနတစ်ခုဖွင့်လှစ်ပွဲကို အယ်လ်ဂျီးရီးယားနိုင်ငံ အယ်လ်ဂျီးယားမြို့တော်၌ ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့သည်။ **အေအက်ဖ်ပီ။**

ကျားမျိုးမသုဉ်းရေးအစီအစဉ် ကမ္ဘာ့နိုင်ငံများ သဘောတူညီ

စိန့်ပီတာစဘတ်ဂ် နိုဝင်ဘာ ၂၅

ကမ္ဘာ့နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကိုယ်စားလှယ်များသည် ကျားမျိုးမသုဉ်းရေး အစီအစဉ်တစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ရန် နိုဝင်ဘာ ၂၅ ရက်က သဘောတူညီလိုက်ကြောင်း ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်အစီအစဉ် (ယူအင်န်အီးပီ)က ပြောကြားသည်။

ကမ္ဘာ့ခေါင်းဆောင်များနှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့အစည်းများသည် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်ဂ်မြို့၌ တွေ့ဆုံကာ ကျားမျိုးမသုဉ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆွေးနွေးလျက်ရှိကြသည်။

ကျားရိုင်းများ ကျက်စားနေထိုင်ရာ နေရာဒေသများတည်ရှိသော နိုင်ငံများမှ ခေါင်းဆောင်များက ထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကျင်းပပြီး ကျားမျိုးထိန်းသိမ်းရေးလုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ကမ္ဘာ့ကျားမျိုး ထိန်းသိမ်းရေးအစီအစဉ်တစ်စိတ်တစ်ဒေသအရ လေးရက်ကြာ ထိပ်သီးဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါအစီအစဉ်ကို လွန်ခဲ့သည့်နှစ်နှစ်က ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ရောဘတ်ဇိုးလစ်က ထုတ်ဖော်ကြေညာခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံတွင် ထိပ်သီးဆွေးနွေးပွဲကျင်းပခြင်း၏ ရည်မှန်းချက်မှာ ကျားမျိုးထိန်းသိမ်းရေးလုပ်ငန်းအတွက် လိုအပ်သော ဒေါ်လာသန်းပေါင်းများစွာ ရန်ပုံငွေထူထောင်နိုင်ရေး ဆွေးနွေးရန်ဖြစ်သည်။

ကျားမျိုးထိန်းသိမ်းရေးအစီအစဉ်ကို အကောင်အထည်ဖော်ခြင်းမရှိပါက ၂၀၂၂ ခုနှစ် နောက်ဆုံးထား၍ ကျားမျိုးသုဉ်းနိုင်သည်ဟု တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့များက သတိပေးခဲ့ကြသည်။ **အင်တာနက်။**

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ ပြည်တွင်း ပြည်ပရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် အပြိုင်အဆိုင်ဝယ်ယူ

နေပြည်တော် နိုဝင်ဘာ ၂၅

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး အဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်း၍ လည်းကောင်း၊ ဈေးပြိုင်ပေး၍ လည်းကောင်း အပြိုင်အဆိုင် ဝယ်ယူကြသည်။

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၉ ရက်မြောက်နေ့တွင် နံနက် ၉ နာရီမှစတင်၍ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချလျက်ရှိရာ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြ၍ ကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြပြီး ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များကလည်း လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ထို့အတူ နံနက် ၉ နာရီမှ စတင်၍ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ၏ ကျောက်စိမ်းအတွဲ အဆိုပြုလွှာများမှ တင်ဒါရရှိသူများစာရင်းကို တာဝန်ရှိသူများက ကြေညာရာ မွန်းလွဲပိုင်းတွင် ကျောက်စိမ်းအတွဲပေါင်း ၁၂၁၄ တွဲ ရောင်းချရသည်။

အဆိုပါ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၁ ရက်မှ စတင်၍ တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ယနေ့အထိ ကျောက်စိမ်းအတွဲပေါင်း ၇၄၇၉ တွဲ ရောင်းချနိုင်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် စတင်ရောင်းချရာ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များက ဈေးပြိုင်ပေး၍ အပြိုင်အဆိုင် ဝယ်ယူကြသည်။

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ကျောက်စိမ်းအတွဲများကို နံနက်ပိုင်းတွင် တင်ဒါစနစ်ဖြင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ရောင်းချလျက်ရှိရာ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များက ဈေးပြိုင်ပေး၍ အပြိုင်အဆိုင်ဝယ်ယူလျက်ရှိသည့်အပြင် ပြည်တွင်း ကျောက်မျက်ရတနာဆိုင်များ၌လည်း ဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အပြင် ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) မဏိရတနာကျောက်စိမ်းခန်းမနှင့် ကျောက်စိမ်းဥယျာဉ်တို့တွင် ညပိုင်း၌ မီးရောင်စုံများဖြင့် အလှဆင်ထွန်းညှိထားသည်ကိုလည်း ရှုမငြီးဖွယ်တွေ့ရသည်။

နေပြည်တော်၌ ပထမဆုံးအကြိမ်ကျင်းပသည့် ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၉ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

(၉၀) ပြည့်နှစ်မြောက် အမျိုးသားနေ့

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်
(၁-၁၂-၂၀၁၀)

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး၊
- ★ အမျိုးသားပညာရည် မြင့်မားရေး၊
- ★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး။

၁၉၇၇ စီးပွားရေးတက္ကသိုလ် သူငယ်ချင်းများ တွေ့ဆုံမည်

ရန်ကုန် နိုဝင်ဘာ ၂၅

ဒီဇင်ဘာ ၁၉ ရက်(တနင်္ဂနွေနေ့) တွင် စီးပွားရေးတက္ကသိုလ် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ပွဲအပြီး M.S စားသောက်ဆိုင်၌ မွန်းလွဲ ၂ နာရီတွင် သူငယ်ချင်းများ တွေ့ဆုံကြမည်ဖြစ်ပါ၍ မနီ ဖုန်း-၀၉-၅၀၇၄၆၈၇၊ ဝါဝါနွယ် ဖုန်း-၀၉-၉၉၇၂၇၉၄၊ သိန်းနိုင် ဖုန်း-၀၉-၅၁၅၆၇၅၊ စိုးနိုင် ဖုန်း-၀၁-၅၄၂၃၀၁၊ မြင့်သိန်း ဖုန်း-၀၉-၅၁၄၃၉၉၈၊ အေးမာခင် ဖုန်း-၀၉-၅၁၆၈၅၂၄၊ တင်စိုး ဖုန်း-၀၉-၅၁၅၂၂၃၃၊ သန်းဌေး ဖုန်း-၀၆၇-၄၁၀၅၀၄နှင့် စိုးဝင်း (ကြယ်နီ) ဖုန်း-၀၁-၅၅၁၉၀၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၁၁-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး မောင်မောင်လတ်)
- ၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၅။ အတီးပြိုင်ပွဲ
- ၈း၁၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၃၀ ၇။ "အမျိုးနှင့် မျိုး"
- ၈း၄၀ ၈။ International News
- ၈း၄၅ ၉။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၃၀ ၄။ နှောင်းခေတ်တေးပဒေသာ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ်(အင်္ဂလိပ်စာမှလွဲ၍ အထူးပြုများအားလုံး) (အင်္ဂလိပ်စာ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၁၅ ၈။ တေးဂီတအစီအစဉ်
- ၅း၃၅ ၉။ "ရိုးသားဖြူစင် ကလေးတို့အသွင်"
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရန်မဲ့. . . ရင်ခုန်သံ" (အပိုင်း-၁၄)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ "လျှပ်တစ်ပြက်ဟာသများ"
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၅)**
- ၁၉။ သီချင်းချစ်သူ(Big Bag)
- ၂၀။ အစီအစဉ်ပြီး၏။

တောင်ပိုင်းစွန်းဒေသများ မိုးအနည်းငယ် ဆက်လက်ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** မြိတ်မြို့တွင် သုည ဒသမ ၃၁ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

နိုဝင်ဘာ ၂၆ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မသန်စွမ်းသူများ ဝှီးလ်ချဲဖြင့် ရန်ကုန်မှ နေပြည်တော်သို့ ခရီးထွက်မည်

ရန်ကုန် နိုဝင်ဘာ ၂၅

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ကြိုဆိုသောအားဖြင့် ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)မှ မသန်စွမ်းသူများသည် ဝှီးလ်ချဲများ၊ စက်ဘီးများဖြင့် ၂၆၇ မိုင်ရှည်လျားသော ရန်ကုန်မှ နေပြည်တော်သို့ ခုနစ်ညအိပ် ရှစ်ရက်ခရီး ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ မသန်စွမ်းသူများသည် ရန်ကုန်မြို့မှ နိုဝင်ဘာ ၂၅ ရက်တွင် စတင်ထွက်ခွာပြီး နေပြည်တော်သို့ ဒီဇင်ဘာ ၃ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

အထက အင်းမ အာစရိယပူဇော်ပွဲ ကျင်းပမည်

အင်းမ နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သဲကုန်းမြို့နယ် အင်းမမြို့ အထက ကျောင်းသား၊ ကျောင်းသူများ၏ (၂၄) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် အင်းမမြို့ အထက သီတဂူခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် အလှူငွေများကို အင်းမမြို့မှ ဦးမောင်ဝင်း ဖုန်း-၀၅၃-၅၀၀၉၉၊ ဦးထွန်းဝင်း ဖုန်း-၀၅၃-၅၈၀၅၅၊ ဦးသန်းဝင်း ဖုန်း-၀၅၃-၅၈၂၆၆၂၊ ရန်ကုန်မြို့မှ ဦးမျိုးထွန်းအောင် ဖုန်း-၀၁-၅၈၆၅၁၇၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၀၄၂၆၂၂၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၁-၅၅၃၃၈၁၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၀၀၂၉၅၀နှင့် ဒေါ်သန်းသန်းဌေး ဖုန်း-၀၉-၅၁၄၂၆၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပုသိမ်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မဟာဗန္ဓုလလမ်းဘေး တစ်လျှောက် အုတ်စီရေမြောင်းပြုလုပ်ခြင်းလုပ်ငန်းကို ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးသန်းထိုက်ဦးနှင့်အဖွဲ့ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် ပန်ဝါမြို့ ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၅

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၁၆ ရက်တွင် ချီဖွေမြို့ ရေအားလျှပ်စစ်စီမံကိန်း၌ စက်ရုံတည်ဆောက်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

တိုင်းမှူးသည် နိုဝင်ဘာ ၁၇ ရက်တွင် ပန်ဝါမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဂြိုဟ်တုဆက်သွယ်ရေးစခန်း ယာယီရုံးအဆောက်အအုံများနှင့် အဆောက်အအုံသစ်ဆောက်လုပ်မည့် နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

ယင်းနောက် လုပီရွာ နယ်မြေခံတပ်နယ်ခန်းမ၌ အရာရှိ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားခဲ့ပြီး တပ်ဖွဲ့ဝင်မိသားစုများအတွက် အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရားဝင်သစ်မှန်ကန်ကြောင်း ထောက်ခံချက်ပြုစနစ် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၂၅

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟန္နွိုင်းမြို့၌ နိုဝင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် တရားဝင်သစ်မှန်ကန်ကြောင်း ထောက်ခံချက်ပြုစနစ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်း၊ သစ်တောသယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းမှ အတွင်းရေးမှူး ဦးစန်းလွင်၊ ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူအစုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဦးစိုးမင်းနိုင်၊ ဦးမျိုးမြင့်၊ ဦးတင်စိုး၊ ဦးသန်းငွေ၊ ဦးဝင်းမော်နှင့် ဦးမောင်မောင်နိုင်တို့သည် နိုဝင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ အထွေထွေ အတွင်းရေးမှူး ဦးနေထွန်းမင်း၊ အလုပ်အမှုဆောင် ဦးဘာဘာချိုနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် သစ်တောများ ပြုန်းတီးမှုကိုဖြစ်စေသည့် တရားမဝင်သစ်ထုတ်လုပ်မှု လျော့ပါးစေရေးအတွက် နိုင်ငံတကာမှ တရားဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများကိုသာ ရောင်းဝယ်ဖောက်ကားရန် ဈေးကွက်မှ တောင်းဆိုချက်အရ တရားဝင်သစ်မှန်ကန်ကြောင်း ထောက်ခံချက်ပြုလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြမည်ဖြစ်ပြီး ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ခရမ်းဘိုးဘွားရိပ်သာ အဘိုးဆောင်သစ် အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ဘိုးဘွားရိပ်သာ၌ အဘိုးဆောင် အဆောင်သစ် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အဖွဲ့ဝင်များ၊ ဘိုးဘွားရိပ်သာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် မတည်အလှူရှင်များ တက်ရောက်ခဲ့ကြပြီး မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘိုးဘွားရိပ်သာ ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ဝင်များက အလျား ပေ ၈၀၊ အနံ ၂၅ ပေရှိ အဘိုးဆောင် အသစ်ကို အုတ်မြစ်စီပေးကြသည်။

(ယာပုံ)

အဆိုပါ ခရမ်းမြို့ ဘိုးဘွားရိပ်သာ အဘိုးဆောင်အသစ် ဆောက်လုပ်နိုင်ရေးအတွက် အလှူငွေများလှူဒါန်းလိုပါက ခရမ်းမြို့ဘိုးဘွားရိပ်သာ ဖုန်း-၀၅၆-၃၀၀၈၆၊ ဥက္ကဋ္ဌ ဖုန်း-၀၅၆-၃၀၄၀၄၊ ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၅၆-၃၀၀၄၅ နှင့် အတွင်းရေးမှူး ဖုန်း-၀၅၆-၃၀၃၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

မြန်မာအားကစားအသင်း ကြေးတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ

ရန်ကုန် နိုဝင်ဘာ ၂၅

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ ဆက်လက်ကျင်းပလျက်ရှိရာ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် ယမန်နေ့က ကျင်းပခဲ့သော အမျိုးသမီး REGU ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုကို တရုတ်အသင်းနှင့်အတူ ဆွတ်ခူးရရှိပြီး ထိုင်းအသင်းက ပထမ၊ ဗီယက်နမ်အသင်းက ဒုတိယရရှိသည်။

ယနေ့အထိ မြန်မာနိုင်ငံမှ ငွေတံဆိပ်ဆုငါးခုနှင့် ကြေးတံဆိပ်ဆုသုံးခုတို့ကို ဆွတ်ခူးရရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်သဟာယအသင်း(ရန်ကုန်) ပညာသင်ထောက်ပံ့ဆု လျှောက်ထားနိုင်

ရန်ကုန် နိုဝင်ဘာ ၂၅

ရခိုင်သဟာယအသင်း(ရန်ကုန်)သည် တက္ကသိုလ်ပညာသင်ကြားရန် အခက်အခဲရှိသည့် ကျောင်းသားများအနက်မှ စနစ်တကျ စိစစ်ရွေးချယ်၍ နှစ်စဉ်တက္ကသိုလ်ပညာသင်ထောက်ပံ့ဆုများ ချီးမြှင့်လျက်ရှိရာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် အမှန်တကယ်လိုအပ်သော ကျောင်းသားများအနေဖြင့် ရခိုင်သဟာယအသင်း (ရန်ကုန်) တက္ကသိုလ် ပညာသင်ထောက်ပံ့ဆု လျှောက်လွှာပုံစံများကို မိမိတို့နေထိုင်ရာ ရခိုင်ပြည်နယ် မြို့နယ်များရှိ မြို့နယ်ပညာရေးမှူးရုံးများ၊ အသင်း၏ မြို့နယ်ကိုယ်စားလှယ်များနှင့် အမှတ်(၁၁၅) ပထမထပ်(ယာ) သမိန်ဗရမ်းလမ်း တာမွေမြို့နယ် ရန်ကုန်မြို့ရှိ ရခိုင်သဟာယအသင်း(ရန်ကုန်)ရုံးခန်းတို့၌ ရယူနိုင်ပြီး ပြည့်စုံစွာ ရေးသားဖြည့်စွက်ထားသော လျှောက်လွှာများကို ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

တက္ကသိုလ်ပညာသင် ထောက်ပံ့ဆု လှူဒါန်းလိုကြသော အလှူရှင်များအနေဖြင့် ဦးခင်မောင်စိုး ဖုန်း-၅၅၂၀၂၆၊ ဦးဘိုးတင် ဖုန်း-၀၉-၈၅၀၂၈၂၁၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀၀၆၈၂၀၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀၀၁၁၈၀ ၊ ဦးထွန်းနိုင် ဖုန်း-၀၉-၈၅၁၀၄၀၀၊ ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁၃၉၇၉၀၊ ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀၆၄၆၅၁၊ ဦးသာမြကျော် ဖုန်း-၀၉-၅၁၅၅၄၁၉ နှင့် အသင်းရုံးခန်း ဖုန်း-၄၃၀၁၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပြည်လမ်း ဒဂုံစင်တာမှ ဦးဝင်းအောင်၊ ဒေါက်တာမိုးမြမြ (ဒဂုံကုမ္ပဏီ) မိသားစုက ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အဆောက်အအုံပဒေသာပင်အတွက် ငွေကျပ် ၁၅ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၁-၂၀၁၀ (သောကြာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"နတ်လမ်းညွှန်ပြမြတ်ဗုဒ္ဓ" တရားတော် (ဆရာတော် အရှင်ဉာဏိဿရ)
၆း၃၅	မေတ္တာတရားနဲ့အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈၆)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၃)**
၈း၄၀	Activities In The City (မေ့ဝိဟာရပထမကျော် စာသင်တိုက်၏ကထိန်အလှူမင်္ဂလာ)
၈း၄၅	မမေ့နိုင်ပါပြီ. . . ကမ္ဘောဇအလှဌာနီ
၉း၀၅	ကြည်နူးမှုချစ်ခရီးအစ. . . ချစ်သူတို့၏မင်္ဂလာဦးအလှ
၉း၂၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၉း၄၀	Movie Talk [ဒါရိုက်တာကြည်စိုးထွန်း၊ မအေးကြည်(အေဝမ်း)] (အပိုင်း-၄)
၁၀း၀၅	Activities In The City (Raffles Education Corporation နှင့် ကျင်းပသော Workshop)
၁၀း၂၀	သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့၏ ဂါရဝကုသိုလ်
၁၀း၃၅	ဖက်ရှင်လမ်းညွှန် (ရွှေကံ့ကော် 2011 ဖက်ရှင်ဒီဇိုင်းသစ်များ)
၁၁း၀၀	သူတို့ဘဝသူတို့ဟာသ (သပြေဂျာအေး)
၁၁း၃၀	ကြံခင်းမြို့မှ ဘုရားများနှင့် ပီတိဖြစ်ဖွယ်ဆွမ်းလောင်းလှူပွဲ
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
၁၂း၄၅	ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ (ခရေ Pre School)
၁း၀၀	"နတ်လမ်းညွှန်ပြမြတ်ဗုဒ္ဓ" တရားတော် (ဆရာတော် အရှင်ဉာဏိဿရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Style ရှိမှ Star ဖြစ်မယ်
၃း၁၀	မူဟန်ကိုယ်စီတေးကိုသီ
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၈၆)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၅၃)**
၄း၅၅	အရွယ်မရွေးလှပစေဖို့. . .
၅း၁၀	VJ Choice
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Korea Entertainment Expo 2010 Bangkok, Thailand
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈၇)**
၇း၂၀	The Champion of Dance
၈း၀၀	MRTV-4 သတင်း
၈း၃၀	Wedding Season (Part-6)
၉း၀၅	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၄)**
၁၀း၁၀	ဂီတသရုပ်ပြခန်း (စိမ့်နေခြည်. . တို့. . အချစ်)
၁၀း၃၀	ခရီးသွားတို့အတွက် April Star ခရီးသွားမဂ္ဂဇင်း
၁၀း၅၅	သူတို့ပြောတဲ့သူတို့အကြောင်း (သန္တာလှိုင်နှင့်တွေ့ဆုံခြင်း)
၁၁း၂၀	ပုစ္ဆာတိုင်းမှာအဖြေရှိတယ် ဗီဒီယိုဇာတ်ကားနှင့်မိတ်ဆက်ခြင်း
၁၁း၄၀	Box Office Movies (Watch Men)
၁၂း၀၀	ကိုယ်ပိုင်ဟန်ဖက်ရှင် (ရွှေရောင်ကြယ်ပွင့်ပျိုမင်းသား)
၁၂း၂၀	ဂီတသံစဉ်များပျံ့လွင့်ရာ ဂစ်တာကမ္ဘာ
၁၂း၃၅	ပါရမီတက္ကစီစွမ်းဆောင်အား ပြည်သူများအတွက်အလေးထား
၁၂း၅၅	World of Knowledge (World Cyber Games)
၁း၄၅	မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
၁း၅၀	စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ
၂း၀၅	အလှဆင်စရာပရိဘောဂကမ္ဘာ (Myanmar KEK Group Co., Ltd.)
၂း၂၀	စိတ်ချယုံကြည် Global Wave Technology
၂း၃၅	၂၅ မိုင် ဇိမ်နဲ့ထိုင်နင်းစရာမလိုတဲ့ စက်ဘီး (မင်းရာဇာ၊ စိုးရန်အောင်၊ သီရတီ၊ ချမ်းမေမြတ်နိုး) [ဒါရိုက်တာ-ဒေါက်တာတင်အောင်ရွှေ(သုတေသီ)]
၂း၄၅	ရင်ခုန်ခံစားလူငယ်ကျွမ်းဘား
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	မြန်မာစာ၊ မြန်မာစကား
၄း၁၅	တိရစ္ဆာန်လေးတွေမွေးကြမယ် (Doe Pet Shop)
၄း၃၅	လောကအလင်းရောင်ဝိပဿနာ ဉာဏ်တန်ဆောင်
၄း၄၅	ပခုက္ကူမြို့ ရွှေကူမြတ်စွာဘုရား လှည့်လည်အပူဇော်ခံပွဲ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၁၀ ခုနှစ် (၅) ကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာလက်ဝှေ့ (က)အဆင့်နှင့် (၁၂) ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ လူသစ်တန်း (ဂ)အဆင့်နှင့် (ခ) အဆင့် ပြိုင်ပွဲများကို နိုဝင်ဘာ ၂၁ ရက်က ရန်ကုန်မြို့ အောင်ဆန်းကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ဗိုလ်လုပွဲများအပြီးတွင် အားကစားဝန်ကြီးဌာနဝန်ကြီးကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် စွယ်စုံတံခွန်စိုက်ဒိုင်းဆုရ ကရင်ပြည်နယ်အသင်းအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်စဉ်။ *(သတင်း-ဇော်ပြုပြီး)* (၁၀၇)

တိုင်းမှူး တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ဆုချီးမြှင့်ပွဲ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့ နယ်မြေခံတပ်ရင်း၌ ကျင်းပသော အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပွဲစဉ်များအလိုက် အမျိုးသား၊ အမျိုးသမီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူးက တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းများအား အမျိုးသားဒိုင်းနှင့် အမျိုးသမီးဒိုင်းဆုများ၊ တိုင်းမှူး တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဂုဏ်ပြုငွေသားဆုများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် ဝက်လက်မြို့နယ် ကျီးကန်ကျေးရွာ တောင်သူတစ်ဦး၏ စပါးစိုက်ခင်းအတွင်း စံကွက်ရိတ်သိမ်းနေမှု၊ ခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့နေမှု၊ ခင်းကျင်းပြသထားသော မျိုးစပါးနမူနာများနှင့် ကြိတ်ခွဲပြီးဆန်များကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၁) ပုဇွန်တောင် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

အထက(၁) ပုဇွန်တောင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားဖြစ်မြောက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် အထက(၁) ပုဇွန်တောင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ရွှေလီ(၂) ရေအားလျှပ်စစ်စီမံကိန်းနှင့် ဘီးလင်းရေအားလျှပ်စစ်စီမံကိန်းတို့အတွက် သဘောတူညီမှု စာချုပ်လွှာနှင့် နားလည်မှုစာချုပ်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရွှေလီ(၂) ရေအားလျှပ်စစ်စီမံကိန်းနှင့် ဘီးလင်းရေအားလျှပ်စစ်စီမံကိန်းတို့အတွက် သဘောတူညီမှုစာချုပ်လွှာနှင့် နားလည်မှုစာချုပ်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၅

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang River Hydropower Co.,Ltd. President Mr.Yuan Xianghua နှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၄ ရက်တွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြ၍ ပူးပေါင်းဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang River Hydropower Co., Ltd. ၊ Asia World Co.,Ltd. တို့အကြား JV/B.O.T စနစ်ဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည့် "ရွှေလီ(၂)" ရေအားလျှပ်စစ်စီမံကိန်းအတွက် သဘောတူညီမှု စာချုပ်လွှာ (MoA) လက်မှတ်ရေးထိုးခြင်း၊ "ဘီးလင်း"ရေအားလျှပ်စစ်စီမံကိန်းအတွက် B.O.T စနစ်ဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် Asia World Co.,Ltd. နှင့် နားလည်မှုစာချုပ်လွှာ(MoU) လက်မှတ်ရေးထိုးခြင်းနှင့် "သောက်ရေခပ်(၂)" ရေအားလျှပ်စစ်စီမံကိန်းအတွက် စက်မှုလျှပ်စစ်ပစ္စည်းများ ဝယ်ယူလွှဲပြောင်းပေးအပ်ရေး သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများနှင့် ဒုတိယရှေ့နေချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang River Hydropower Co.,Ltd. President Mr. Yuan Xianghua (မစ္စတာ ယွမ်ရှန်းဟွာ) နှင့် အဖွဲ့ဝင်များ၊ Asia World Co.,Ltd. ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang River Hydropower Co., Ltd. President Mr.Yuan Xianghua က သဘောတူညီမှုစာချုပ်လွှာ(MoA) လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ Asia World Co.,Ltd. ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က သဘောတူညီမှုစာချုပ်လွှာ (MoA)၊ နားလည်မှုစာချုပ်လွှာ(MoU) လက်မှတ်ရေးထိုးခြင်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang River Hydropower Co., Ltd. President Mr.Yuan Xianghua တို့က သဘောတူညီမှုစာချုပ်လွှာ (MoA)ကို လည်းကောင်း၊ ရေအားလျှပ်စစ်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးနှင့် Asia World Co.,Ltd. ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်တို့က နားလည်မှုစာချုပ်လွှာ (MoU) ကိုလည်းကောင်း လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်နှင့် ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတို့က သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းအတွက် စက်မှုလျှပ်စစ်ပစ္စည်းများ ဝယ်ယူလွှဲပြောင်းပေးအပ်ရေး သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယနေ့ပြုလုပ်သော အခမ်းအနားသည် ရွှေလီမြစ်ပေါ်တွင် ထပ်မံတည်ဆောက်မည့် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၅၂၀ ရှိ ရွှေလီ(၂) ရေအားလျှပ်စစ်စီမံကိန်းကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang River Hydropower Co,Ltd. ၊ Asia World Co., Ltd. တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သဘောတူညီမှု စာချုပ်လွှာ (MoA) နှင့် မွန်ပြည်နယ် ဘီးလင်းချောင်းပေါ်တွင် တည်ဆောက်မည့် ဘီးလင်း ရေအားလျှပ်စစ်စီမံကိန်းကို Asia World Co,Ltd. နှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှု စာချုပ်လွှာ (MoU) လက်မှတ်ရေးထိုးကြခြင်းနှင့် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းအတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်တို့အကြား စက်မှုလျှပ်စစ်ပစ္စည်းများ ဝယ်ယူလွှဲပြောင်းပေးအပ်ရေး သဘောတူညီမှုစာချုပ်များကို လက်မှတ်ရေးထိုးကြခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ဘီးလင်းရေအားလျှပ်စစ်စီမံကိန်းအတွက် နားလည်မှုစာချုပ်လွှာ MoU လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

တက်ရောက်

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang River Hydropower Co.,Ltd.၊ Asia World Co.,Ltd. တို့အကြား ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ရွှေလီ(၂) ရေအားလျှပ်စစ်စီမံကိန်းအတွက် သဘောတူညီမှုစာချုပ်လွှာ MoA လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပလုပ်ငန်းကြီးများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့် နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာအတွက် အခမဲ့ပညာသင်ဆု ရွေးချယ်ယှဉ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

ပြည်တွင်းပြည်ပရှိ corporation များ၊ Company များ၊ Hotel များ၊ Supermarket များ၊ ဘဏ်လုပ်ငန်းများတွင် စာရင်းကိုင်၊ စာရင်းစစ်လုပ်လိုသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေသူများနှင့် နိုင်ငံတကာတက္ကသိုလ်များတွင် ပညာဆက်လက်သင်ယူမည့်သူများအတွက် ရည်ရွယ်၍ နိုင်ငံတကာအသိအမှတ်ပြု D.A,DMA (or) DCA, D. Comp. Acc (LCCI,UK) Diploma များတွင် ပါဝင်သည့် Accounting, Management Accounting, Cost Accounting, Advance, Business Calculations, MYOB (Computerised Accounting) ဘာသာရပ် ခြောက်ခုကို အခမဲ့ ပညာသင်ဆု ချီးမြှင့်မည်ဖြစ်သည်။

ထိုဘာသာရပ် ခြောက်ခုအတွက် (LCCI Level II)အဆင့်ရှိ ၃ နာရီ မေးခွန်းကို ဖြေဆိုယှဉ်ပြိုင်ရမည်ဖြစ်၍ (LCCI Level II) အဆင့်ရှိသူများ၊ B. Act.B.Com, BBA, B. Econ (Eco), B Devs, BPA, B.Econ(stats), B.P.S, B.A Eco. BM, HE, PP) ဘွဲ့ရများ၊ DA (Myanmar) ပြီးမြောက်ထားသူများ၊ CPA တက်ရောက်နေသူများ ဖြေဆိုယှဉ်ပြိုင်နိုင်သည်။

ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုသူများသည် အမှတ်(၅၀)နှင့်အထက် ရရှိပါက အခမဲ့ ပညာသင်ဆုကို ၁၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းထိ ရရှိမည်ဖြစ်ပြီး ၁၀၀ ရာခိုင်နှုန်းရရှိသူများထဲမှ ငါးဦးအား ဒီပလိုမာ သုံးခုအတွက် သံရုံးစာမေးပွဲကြေး ($) ကို "စီးပွားပန်းခင်း" ပညာရေးဝန်ဆောင်မှု လုပ်ငန်းမှ အပြည့်အဝ ကျခံပေးမည်ဖြစ်သည်။

အခမဲ့ ပညာသင်ဆုယှဉ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီ၊ မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီအထိ နှစ်ကြိမ် ကျင်းပပေးမည်ဖြစ်ပြီး အခမဲ့ပညာသင်ဆု ရရှိသူများသည် သင်တန်းကာလ ခြောက်လ တက်ရောက်ရမည်ဖြစ်၍ ၂၀၁၁ ခုနှစ် ဇွန်လတွင် သံရုံးစာမေးပွဲ ဖြေဆိုရမည်။

စိတ်ပါဝင်စားသူများအနေဖြင့် မြို့တွင်း အမှတ်(၁၀၃-၅လွှာ) (၄၁)လမ်းနှင့် (၄၂)လမ်းကြား ဗဟိုဗန္ဓုလလမ်း ဗိုလ်တထောင်မြို့နယ်နှင့် လှည်းတန်း တိုက်(၂၃) အခန်း(A-၅/၆) (ခ)ရပ်ကွက် လှည်းတန်းလမ်း ကမာရွတ်မြို့နယ် ဖုန်း-၀၁-၇၃၀၀၉၈၆၉၊ ၇၃၀၂၈၄၃၃၊ ၇၃၀၁၃၄၃၂၊ ၀၉၅၁၁၈၆၄၇ တို့တွင် ဆက်သွယ်စုံစမ်း၍ ဓာတ်ပုံနှစ်ပုံဖြင့် ဖောင်ဖြည့်ပြီး ခုံနံပါတ်ရယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျောင်းသား၊ ကျောင်းသူများအား ပညာတတ်မြောက်ရေး သင်ကြားပေးသည်သာမက အတွေးအခေါ် မှန်ကန်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စည်းကမ်းကောင်းသူများဖြစ်ရေး

ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးတို့ကိုပါ လေ့ကျင့်သင်ကြားပေး

ရွှေဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့၏ ဖွံ့ဖြိုးစည်ပင်မှုနှင့် သန့်ရှင်းမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန် ဆရာမများအား တွေ့ဆုံ၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု အခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအားတွေ့ဆုံ၍ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို မေးမြန်းကာ ကျောင်းသား၊ ကျောင်းသူများအား ပညာတတ်မြောက်ရုံသာမက ကိုယ်ကျင့်တရားကောင်းသူ၊ စည်းကမ်းလိုက်နာသူ၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသူများဖြစ်အောင် ငယ်စဉ်ကလေးဘဝမှ စ၍ လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ရသေ့တောင်မြို့မှ ထွက်ခွာခဲ့ကြပြီး ဘူးသီးတောင်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘူးသီးတောင်မြို့ တပ်နယ် ဗန္ဓုလခန်းမ၌ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား မောင်တောခရိုင်ဥက္ကဋ္ဌ ဦးထွန်းနိုင်လင်းက မောင်တောခရိုင်၏ တည်နေရာနှင့်အကျယ်အဝန်း၊ မိုးရွာသွန်းမှုအခြေအနေ၊ မိုးစပါးစိုက်ပျိုးမှုနှင့် ရိတ်သိမ်းထွက်ရှိမှုအခြေအနေ၊ ရေငန်ပုစွန်မွေးမြူမှုအခြေအနေ၊ ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် ဘူးသီးတောင်မြို့နယ်မှ ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဘူးသီးတောင်မြို့မှ ထွက်ခွာခဲ့ကြပြီး ကျောက်တော်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောက်တော်မြို့ ကစ္ဆပနဒီတံတားရိပ်သာ၌ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီးသို့ ရောက်ရှိကြပြီး မဟာမုနိဘုရားကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးတိုင်တို့ကို ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ကျောက်တော်မြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ရသေ့တောင်မြို့၊ ဘူးသီးတောင်မြို့နှင့် ကျောက်တော်မြို့တို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံရာတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာ့နိုင်ငံအများအပြား၌ မိုးများပြီး ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ တောမီးလောင်ခြင်း၊ ဆူနာမီကဲ့သို့ ရေလှိုင်းကြီးများကြောင့် ရေကြီးနစ်မြုပ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရသည့် အခြေအနေ။

ရခိုင်ပြည်နယ်သည် ပင်လယ်နှင့် နီးစပ်သောဒေသဖြစ်၍ သဘာဝဘေးလျော့ပါးရေးအတွက် အမြဲသတိရှိရေး၊ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရေးနှင့် နိုင်ငံတော်က ထုတ်လွှင့်သည့် သတင်းများကို ဂရုပြုလိုက်နာ ဆောင်ရွက်ရမည့် အခြေအနေ။

ပင်လယ်နှင့်နီးစပ်သော ဒေသ၌ နေထိုင်ကြသူများဖြစ်၍ မုန်တိုင်းဒဏ်ခံ အခိုင်အမာအဆောက်အအုံများဖြင့် ဆောက်လုပ်နေထိုင်သည့် လူနေမှုပုံစံပြောင်းလဲနေထိုင်နိုင်ရန် စည်းရုံးဆောင်ရွက်သွားရမည့် အခြေအနေ။

နိုဝင်ဘာ ၇ ရက်တွင် နိုင်ငံတော်အတွက် အရေးကြီးဆုံးအဆင့်ဖြစ်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် အခြေအနေနှင့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ကျန်ရှိသော လုပ်ငန်းအဆင့်ဆင့်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေ။

မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်သွားရမည့် အခြေအနေ။

နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးတို့တွင် မိမိတို့ကျရာ အခန်းကဏ္ဍက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည့် အခြေအနေ။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် အောင်မြင်နေသည့် စိုက်ပျိုးရေးကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ပြီး စက်မှုနိုင်ငံ ထူထောင်သွားရမည့် အခြေအနေ။

မိမိတို့နိုင်ငံတွင် သဘာဝသယံဇာတများရှိပြီးဖြစ်၍ ယင်းတို့ကို ဖော်ထုတ်အသုံးချနိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်မှုအခြေအနေနှင့် ယင်းလူ့စွမ်းအားအရင်းအမြစ်များကို ကိုယ့်ဒေသတွင်းမှာပင် မွေးထုတ်ပေးနိုင်ရန် ရခိုင်ပြည်နယ်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု တည်ထောင်ပေးပြီး ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုစီတွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီတို့ကို ဖွင့်လှစ်ပေးထားသည့် အခြေအနေ။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြေပုံမြို့နယ် ကျွန်းသာယာကျေးရွာတွင် ရေလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

26-11)08.pmd 1 11/26/2010, 2:56 AM

ပေးအပ် လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကျောက်တော်မြို့ရှိ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (ဝဲပုံ)နှင့် **ရသေ့တောင်မြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေ ပေးအပ်လှူဒါန်းစဉ်။** (ယာပုံ)

(သတင်းစဉ်)

ရခိုင်ပြည်နယ်သည် မြစ်ချောင်းများ၊ တောတောင်များ ပေါများခြင်းကြောင့် သဘာဝအတားအဆီးသဖွယ်ဖြစ်နေခဲ့၍ ယခင်က ခရီးသွားလာမှုတွင် ရေလမ်းခရီး တစ်ခုတည်းကိုသာ အားထားနေခဲ့ရသည့် အခြေအနေ။

မှာကြား

ယခုအခါ နိုင်ငံတော်က ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် မော်တော်ကားလမ်းများနှင့် ရထားလမ်းများ ဖောက်လုပ်ပေးပြီး လေကြောင်းခရီးကိုပါ တိုးချဲ့ပြေးဆွဲပေးခြင်းများ အပါအဝင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို မြှင့်တင်ဆောင်ရွက်ပေးထားခဲ့သဖြင့် ယင်းအခြေခံကောင်းများကို ဒေသခံပြည်သူများ လက်တွေ့အကျိုးခံစားနေကြရသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတော်က ဆောင်ရွက်ပေးထားသည့် အခြေခံကောင်းများအပေါ် အကျိုးရှိစွာအသုံးချပြီး မိမိတို့စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်၊ ကလေးများ အတန်းပညာကုန်သင်ကြားရေးနှင့် အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးတို့အတွက် မိဘများက အားပေးဆောင်ရွက်ရန်၊ ရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး တရားဥပဒေစိုးမိုးရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ နိုင်ငံတော်၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ဒေသစွဲ၊ လူမျိုးစွဲ မထားရှိဘဲ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ကျရာ အခန်းကဏ္ဍက တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ အစိုးရအဖွဲ့- အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် စစ်တွေမြို့မှ ထွက်ခွာခဲ့ရာ နံနက် ၈ နာရီခွဲတွင် မြေပုံမြို့နယ် ကျွန်းသာယာကျေးရွာသို့ ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျေးရွာရပ်မိ ရပ်ဖများအား တွေ့ဆုံ၍ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးမှုအခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရပ်မိ ရပ်ဖများ၊ ဒေသခံများနှင့် တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများ ရရှိမှုအခြေအနေနှင့် သိလိုသည်များကို မေးမြန်းပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းဆိုင်ရာများ၊ ကျေးရွာဖွံ့ဖြိုးရေးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ၊ အဆောက်အအုံများ အသစ်ပြန်လည်တည်ဆောက်ရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်က နေရေး၊ စားရေး အပါအဝင် မူလစီးပွားရေးလုပ်ငန်းများလည်း ပြန်လည်လုပ်ကိုင်နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်၍ မိမိတို့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် အလုပ်ကို ဝီရိယထား ကြိုးစားလုပ်ကိုင်ကြရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျွန်းသာယာကျေးရွာရှိ လေဘေးသင့်နေအိမ်များ ပြန်လည်ပြုပြင်ရန် အလှူငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မြေပုံမြို့နယ် ကျွန်းသာယာကျေးရွာမှ ထွက်ခွာခဲ့ကြပြီး ကျောက်ဖြူမြို့သို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူပညာရေးကောလိပ်သို့ ရောက်ရှိကြပြီး မုန်တိုင်းဒဏ်ကြောင့် အမျိုးသမီးဆောင်များ ပျက်စီးမှုများ ပြန်လည်ပြုပြင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ကျောက်ဖြူပညာရေးကောလိပ် ဒုတိယကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ ကျောင်းသား၊ ကျောင်းသူများအား ပညာတတ်မြောက်ရေး သင်ကြားပေးသည်သာမက အတွေးအခေါ် မှန်ကန်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စည်းကမ်းကောင်းသူများဖြစ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးတို့ကိုပါ လေ့ကျင့်သင်ကြားပေးရန်၊ ဆရာ၊ ဆရာမများကိုယ်တိုင် မိမိတို့သင်ကြားရသော ဘာသာရပ်ဆိုင်ရာများ ကျွမ်းကျင်ရေးနှင့် အစဉ်လေ့လာဆည်းပူးနေရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့ ခရိုင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန် ဆရာမများအား တွေ့ဆုံ၍ ဒေသတွင်ဖြစ်ပွားတတ်သော ရောဂါများအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကို မေးမြန်းပြီး ပြည်သူများ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးအတွက် ကျေးရွာများသို့ ကွင်းဆင်းပြီး ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကာကွယ်နည်းများ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ကျောက်ဖြူမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ကစ္ဆပနဒီတံတားကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်-နေ့လယ်-ည)

၂၆-၁၁-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (အင်္ဂုလိမာလသုတ်+ဗောဇ္ဈင်္ဂသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဆိုကြပျော်ရှင်တေးသံစဉ် (INTERMEDIATE LEVEL)
၁၂း၃၀	အလုပ်အကိုင်အခွင့်အလမ်း (ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး) နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၅း၀၀	Music Talk
၅း၁၅	ပြောပါရစေရှင် (မေတ္တာများဖြင့်ဖွဲ့တည်သော) တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ရင်ခုန်စီးဆင်းအနုပညာသတင်း (၁၇)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	လူမှုစာနာပြန်ကြားလွှာ
၆း၂၀	တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၇း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (ဆေးတစ်ခွက်)
၇း၄၅	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (တင်တင်မြ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၉း၀၀	ဆောင်းပါး (ဩဝါဒများနှင့်ဆိုဆုံးမမှုကို နာယူခြင်း)
၉း၀၅	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၉း၅၀	ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ(၁၁/၂၀၁၀) အစည်းအဝေး ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၁၁/၂၀၁၀) အစည်းအဝေးကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန်ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ခေတ္တဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) က ယခင် (၁၀/၂၀၁၀) အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို တင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ အသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြပြီး ၁၃၇၂ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကျင်းပရေး၊ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဟောပြောဆွေးနွေးပွဲများ ကျင်းပရေး၊ စာရေးနည်းလမ်းညွှန်သင်တန်း ဖွင့်လှစ်ရေးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် စည်းရုံးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄၀) ဒီဇင်ဘာလထုတ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၅

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းအမှတ် (၁၄၀) ကို ယနေ့ထုတ်ဝေ ဖြန့်ချိလိုက်သည်။ ကြည်အောင်(ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ မြတ်ဘုန်း(တပ်ကုန်း)၊ မောင်မောင်ကြည်သန့် (ရတနာမြေ)၊ ဇော်မျိုးဟန် (ငသိုင်းချောင်း)၊ မောင်ငြိမ်းရည်(မင်းကင်း)၊ တမာသင်းခိုင်၊ ချမ်းမြဆောင်(ကလော)၊ ခမ်းစုဝင်းကြည်(သီပေါ)၊ မိုးဟိန်းကျော်(ကျောက်တန်း)၊ အသုတ် မောင်ဝင်းရောင်တို့၏ အဖွင့်ကဗျာများ၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင်(စိတ်ပညာ)၊ သာနိုင်အောင်(ကျိုက်မရော)၊ စိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၊ ဦးကျော်စိန်၊ ထွန်းဦးတင်၊ ရဲမင်းထွန်း(မြင်းကပါ)၊ ရဲမြလွင်၊ မြင့်သိန်းအောင်၊ ဦးမြဝင်း(မြတ်မွန်)၊ ဖြူစင်ဝင်း၊ ငွေးပုလဲ၊ ဆရာမကြီး မိုးကောင်း၊ မောင်တင့်လွင်(ပေါက်)၊ မောင်ကျေးဇူး၊ ညောင်ညိုပင်ကျော်ဝင်း၊ မောင်သာမန် (ဇီးကုန်း)၊ တက္ကသိုလ်စိုးယဉ်၊ ရွှေကိုဦး၊ စောဟန်ဟန်ထွေးနိုင်၊ ရေပြာလှိုင်း၊ ရေချမ်း၊ ဖိုးတုတ်၊ ကိုချစ်မုန်း(မြန်မာစာ)၊ စာပုလွေမင်းသိန်းဟံ(ရောဝတီ)၊ နိုင်မျိုးသစ္စာ(နမ္မတူ)၊ မင်းဆက်မွန်(ကွမ်ရိုက်)၊ ကြည်မျိုးထက်(ဒိုက်ဦး)၊ ခင်ကဗျာ(ရှမ်းပြည်နယ်)၊ အောင်သာဆန်း(သံတွဲ)၊ နတ်မောက်ကြည်မြိုင်၊ ကျော်ဝင်းမောင်(ကျောက်မဲ)၊ ဇာနည်၊ ကျုံမငေး-စိမ်းသူ့ဆွေ၊ နှင်းသုန္ဒီ(ဇီးကုန်း)၊ ဝင်းသစ္စာ(သမ္ဘူလ)၊ မောင်တည်ခိုင်(ပန်းတောင်း)၊ ဟသ်္ာတမောင်မျိုးသက်၊ ခိုင်နွယ်ဈာန်(ကျိုန်းရိပ်)၊ နွေတာရာ၊ မင်းမောင်နွယ်(မွန်းဌာနီ)၊ တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ-ဘီအေ)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မြင်းမူအောင်မြင့်သိမ်း၊ ကမ္ဘာလှည့် တင်တင်စိန်၊ နေမျိုးသန့်၊ စာတည်းတစ်ဦး၊ ပန်းတနော်နောင်လတ်၊ ဩစူး(သောင်ကြီးမြောက်)၊ သွဲ့ထားညို(သက္ကလ)၊ လင်းနေခြည်(ကလော)၊ မောင်ညိုအေး(မောရဝတီ)၊ မသန်းလွင်(ဟဲဟိုး)၊ စစ်ကိုင်းစိမ်းစိမ်း၊ နန္ဒာခင်(သက္ကလမြေ)၊ မောင်နွေဝေး(သောင်ပြာကျွန်း)၊ အောင်ချစ်စိုး(လသာ)၊ ယွန်းမြတ်မွန်းသျှန်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်ဝတ္ထု၊ ဆောင်းပါး၊ ကာတွန်း၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ဓမ္မအလင်း ကဗျာပန်းခင်း၊ မှတ်သားစရာသတ်ပုံကဗျာ၊ တောခလေ့စာပန်းချီ၊ ကဗျာပန်းရုံရိပ်၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ နိုင်ငံ့ဂုဏ်ရည် သားစစ်သည်ကဏ္ဍ၊ နိုင်ငံရပ်ခြားအတွေ့အကြုံ၊ စင်ကာပူခရီးသည်၊ ကျောင်းသားလူငယ်ကဏ္ဍ၊ ကလေးတို့ကဏ္ဍ၊ ရုပ်ရှင်ဗီဒီယိုကဏ္ဍ အစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ် တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) အမှတ်(၅၂၉-၅၃၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်းဆရာ အတတ်သင်ရှေ့ ရန်ကုန်မြို့ ဖုန်း-၇၂၅၅၃၀ နှင့် အမြို့မြို့ အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိ နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အထက ဆိပ်ဖြူ ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ဆိပ်ဖြူ နိုဝင်ဘာ ၂၅

ဆိပ်ဖြူမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ ဧကဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် (အမျိုးသားနေ့)တွင် နဝရတ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ ပူဇော်ပွဲအခမ်းအနားတွင် အသက်(၆၀)ပြည့်ပြီးသူ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၅၃ ဦးတို့အား ပူဇော်ကန်တော့မည်ဖြစ်ပြီး ရွှေရတုအထိမ်းအမှတ် ဓမ္မာရုံတည်ဆောက်ရေးအတွက် ဆောက်လုပ်ရေးပစ္စည်းများ စတင်ဝယ်ယူစုဆောင်းနေကြောင်းနှင့် ရပ်ဝေးမှအလှူရှင်များ ဦးစိုးတင့် (ပျော်ရွှင်ဆေးဆိုင်) ဖုန်း-၀၆၁-၃၀၀၂၅၊ ဦးမြင့်သန်း(အထပြ) ဆိပ်ဖြူမြို့ ဖုန်း-၀၆၁-၃၀၃၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

အထက(၃) သာကေတ အာစရိယပူဇော်ပွဲ အကြိုညှိနှိုင်း

ရန်ကုန် နိုဝင်ဘာ ၂၅။ သာကေတမြို့ အထက(၃)ကျောင်းသား၊ ကျောင်းသူဟောင်းများက နှစ်စဉ် ကျင်းပမြဲဖြစ်သော (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပနိုင်ရန်အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၃)၌ ကျင်းပမည်ဖြစ်သည်။ အစည်းအဝေးသို့ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီး ၅၅ ဦးအတွက် အလှူငွေနှင့် ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုပါက ဦးတင်မြင့် ဖုန်း-၇၃၀၀၅၂၅၉၊ ဦးတင်ရွှေ ဖုန်း-၅၅၁၀၇၁၊ ဦးဝင်းဘို ဖုန်း-၀၉-၅၁၁၂၇၆၂ နှင့် ဒေါ်ခင်သိန်းဝင်း ဖုန်း-၀၉-၅၄၀၆၈၄၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အတည်ပြုချိန် - ၁း၁၅

26-11)09.pmd 1 11/26/2010, 2:56 AM

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ် တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းမှူးက တံခွန်စိုက်ဒိုင်းဆုရရှိသောအသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

"အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကိုရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့"

"Stop AIDS. Keep the Promise."
"Avoid Stigma & Discrimination: Towards Universal Access."

❖ **ကျောဖုံးမှ**

ထွက်ခွာခဲ့သည်။ ပွဲကောက်ရေလွှဲဆည်သို့ မန္တလေး-လားရှိုးလမ်းမကြီးအတိုင်း လာခဲ့ရာ (၅၁/၀)မိုင်အရောက် အနောက်ဘက်သို့ ဝင်ရောက်လာခဲ့ရသည်။ ပွဲကောက်ရေလွှဲဆည်လုပ်ငန်းခွင်တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းငွေအောင်၊ ဦးစီးအရာရှိ ဦးအောင်မျိုးဆွေ၊ ဦးလှဝင်းမြင့်၊ ဦးမြင့်ဖေတို့နှင့် တွေ့ဆုံခဲ့ပြီး ရေလွှဲဆည်တည်ဆောက်မှု လုပ်ငန်းများကို ရှင်းလင်းပြသကြသည်။

ပွဲကောက်ရေလွှဲဆည် တည်ဆောက်သည့်နေရာသည် ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်းကျေးရွာ အနီးတွင်ဖြစ်ပြီး ဂဲလောင်ချောင်းပေါ်တွင် တည်ဆောက်နေခြင်းဖြစ်သည်။ ယခင်က ပွဲကောက်ရေလှောင်တမံကို တည်ဆောက်စဉ်ကာလ အောက်ခံမြေသားမှာ ကြေမွနေသော ထုံးကျောက်များဖြစ်နေခြင်း၊ ရေစိမ့်စီးထွက်မှုများရှိနေ၍ ဒီဇိုင်းပုံစံပြောင်းလဲပြီး ရေလွှဲဆည်ကို တည်ဆောက်ရခြင်းဖြစ်သည်ဟု သိရှိရသည်။

ယခုအခါတွင် ပွင့်လင်းရာသီရောက်လာပြီဖြစ်၍ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရန် စက်ယန္တရားကြီးများဖြင့် အရှိန်အဟုန်ဖြင့် တည်ဆောက်နေကြပြီ ဖြစ်ပေသည်။ ထိုဒေသတွင် နှစ်စဉ်ပျမ်းမျှမိုးရေချိန်မှာ ၄၈ ဒသမ ၆၅ လက်မရှိသည်။ ဂဲလောင်ချောင်းကို ပိတ်ထားခြင်းဖြစ်ပြီး ရေအမြဲစီးဆင်းနေသော ချောင်းဖြစ်သည်။ ရေဆင်းဧရိယာ စတုရန်းမိုင် ၄၀ ရှိပြီး နှစ်စဉ် ပျမ်းမျှစီးဝင်ရေမှာ ဧကပေ ၄၅၅၀၀ ရှိသည်။

ရေလွှဲဆည်ပုံစံမှာ Broad Crest Type ဖြစ်ပြီး အလျားပေ ၃၀၀ (Broad Crest Weir)ဖြစ်သည်။ သဲထုတ်ရေတံခါး ၅ပေ X ၅ ပေ သုံးပေါက်ပါရှိပြီး ရေထိန်းတာပေါင်အလျား ပေ ၁၆၀ ရှိသည်။ ရေလွှဲဆည်၏ ဒီဇိုင်းရေဒုစီးနှုန်းမှာ ကုဗပေ/ စက္ကန့် ၂၅၇၇၀ ဖြစ်ပြီး သဲထုတ်ရေတံခါးဒီဇိုင်း ရေဒုစီးနှုန်းမှာ ၄၅၄၇ ကုဗပေ/ စက္ကန့်ရှိသည်။ တပ်ဆင်လျှပ်စစ်ဓာတ်အား 2 N0.40 KW (Total 80 KW) ဖြစ်သည်။ ရေလွှဲဆည်ကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပြီးစီးမည်ဟု သိရှိရသည်။

လျှပ်စစ်ဓာတ်အားများကို ရေသရောက်ကုန်းရွာ၊ နောင်လှိုင်ရွာ၊ နောင်လုံးရွာများသို့ ဆက်သွယ်၍ ရရှိခံစားစေမည်ဖြစ်ပြီး အဓိက စပါးစိုက်ကြမည်ဖြစ်သည်။ ထိုဒေသတွင် ဂျုံ၊ ပန်းနှမ်း၊ မြေပဲများကိုလည်း စိုက်ပျိုးကြသည်။ စုစုပေါင်း ဧက ၂၀၀ ကို စိုက်ပျိုးရေပေးဝေပြီး ပိုက်လိုင်းများမှတစ်ဆင့် ပြင်ဦးလွင်မြို့နှင့် ရတနာပုံမြို့သစ်များသို့ သောက်သုံးရေ ဖြန့်ဝေပေးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ပွဲကောက်ရေလွှဲဆည် တည်ဆောက်ပေးခြင်းဖြင့် ပြင်ဦးလွင်မြို့နှင့် ရတနာပုံမြို့သစ်တို့အတွက် လိုအပ်နေသော သောက်သုံးရေ၊ စိုက်ပျိုးရေများအပြင် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးများရရှိစေမည့် အကျိုးကျေးဇူးများကို မကြာမီအချိန်ကာလအတွင်း ရရှိခံစားလာရတော့မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ပွဲကောက်ရေလွှဲဆည် တည်ဆောက်ရေး မြေကြီးလုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေစဉ်။

မုံရွာစက်မှုလက်မှုသိပ္ပံနှင့် နည်းပညာကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၅

မုံရွာစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၁ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ်ချင်းလမ်းနှင့် ကြားတောရလမ်းထောင့်ရှိ ရွှေကျင်နိကာယသာသနလက်ာရ မဟာဓမ္မ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ကိုအောင်လွင်အောင် ဖုန်း-၀၉-၅၁၁၁၆၄၄၊ ကိုဇော်မြင့်ဦး ဖုန်း-၀၁-၇၃၀၆၄၂၆၀၊ မခင်စိုးမိုး ဖုန်း-၀၉-၈၀၂၀၆၀၄၊ ကိုဝင်းညွှန့်ဦး ဖုန်း-၀၉-၅၀၆၄၅၁၁၊ မမြတ်မြတ်မိုး ဖုန်း-၀၁-၇၀၄၈၉၀၊ ကိုသန်းဇော်မျိုး ဖုန်း-၀၉-၅၄၀၂၆၆၄၊ ကိုစီဝမ်း ဖုန်း-၀၉-၅၁၈၇၁၀၇၊ မနွဲ့နွဲ့စိန် ဖုန်း-၀၉-၅၁၅၅၂၄၃၊ ကိုထွန်းစံ ဖုန်း-၀၉-၂၁၁၀၅၄၆၊ ကိုကျော်ဇင်သူ ဖုန်း-၀၉-၄၇၀၅၀၄၃၆၊ ကိုလွင်ဦး-မနွယ်နွယ်စိုး ဖုန်း-၀၉-၅၄၇၀၇၂၈၄၄၊ ကိုကျော်ဇောလင်း ဖုန်း-၀၉-၆၄၆၀၇၁၁၊ ကိုသူရိန်ဝင်း ဖုန်း-၀၉-၅၀၅၃၅၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အထက(၁)လှိုင် မြတ်ဆရာ ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

လှိုင်မြို့နယ် အထက(၁)၌ ၁၉၆၅ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်း သူငယ်ချင်းများ ပြန်လည်တွေ့ဆုံကြ၍ ယင်းနှစ်တွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား နဝမအကြိမ် မြတ်ဆရာ ပူဇော်ကန်တော့ပွဲကို အဆိုပါကျောင်းရှိ ဘုရင့်နောင်ခန်းမ၌ ဒီဇင်ဘာ ၂၅ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ဂါရဝပြုပူဇော်ကန်တော့ကြမည်ဖြစ်သည်။

အဆိုပါ မြတ်ဆရာပူဇော်ကန်တော့ပွဲ အခမ်းအနားကျင်းပနိုင်ရေးနှင့် အလှူငွေရှာဖွေနိုင်ရေးအတွက် ၁၉၆၅ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်း သူငယ်ချင်းများအားလုံး နိုဝင်ဘာ ၂၈ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက(၁)လှိုင် ဘုရင့်နောင်ခန်းမ၌ တွေ့ဆုံညှိနှိုင်းမည်ဖြစ်ကြောင်းနှင့် အလှူငွေထည့်ဝင်နိုင်ရေးအတွက် ဗိုလ်မှူးကြီးဇော်ထွန်း ဖုန်း-၆၄၂၁၀၃၊ ဦးခင်ဇော် ဖုန်း-၀၉-၉၉၂၂၅၅၅၊ ဦးဇေယျ ဖုန်း-၀၉-၅၀၁၉၈၀၃၊ ဒေါ်သန်းသန်းအေး ဖုန်း-၆၈၀၇၁၉၊ ဦးလှိုင်ထွန်း ဖုန်း-၀၉-၅၁၁၉၆၉၀၊ ဦးမောင်မောင် ဖုန်း-၀၉-၅၁၁၀၇၃၆၊ ဦးစွမ်ဟုတ် ဖုန်း-၆၄၁၀၉၉၊ ဦးမျိုးခင် ဖုန်း-၆၄၁၂၀၅၊ ဒေါ်အေးယုဆွေ ဖုန်း-၀၉-၅၁၇၁၄၅၇၊ ဦးအောင်ကျော်မိုး ဖုန်း-၇၃၀၇၅၀၂၄၊ ဒေါ်မျိုးသီတာ ဖုန်း-၅၃၄၉၄၃၊ ဦးဇော်မိုး ဖုန်း-၇၃၀၆၀၇၆၂၊ ဦးမြင့်မိုရ်သျှမ်း ဖုန်း-၇၃၀၅၉၄၆၊ ဒေါ်မေနှင်း ဖုန်း-၀၉-၅၄၁၁၄၀၈နှင့် ကိုစိန်လွင် ဖုန်း-၇၃၀၇၆၄၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမြို့မြို့အနယ်နယ်တွင် ဖွံ့ဖြိုးစည်ပင်

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ကို နိုဝင်ဘာ ၃ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ပြုလုပ်သော ကောင်းခံကျေးရွာ ဂါလန် ၁၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းကို အင်ဂျင်နီယာမှူး ဦးကျူးလျန်ဖွိုင်း ကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းလွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးဇော်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အထက(သရက်ချောင်း) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၅

ထားဝယ်ခရိုင် သရက်ချောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ၁၉၅၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော အသက်(၅၅)နှစ်နှင့် အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် သရက်ချောင်း (အထက) မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ရပ်ဝေးရပ်နီးမှ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးဦးစီးကော်မတီရုံးခန်း(သရက်ချောင်း) ဖုန်း-၀၅၉-၃၅၁၀၉၊ ဒေါက်တာစိုးသိန်း (သရက်ချောင်း) ဖုန်း-၀၅၉-၃၅၀၃၃၊ ဦးထွန်းမင်း (သရက်ချောင်း) ဖုန်း-၀၅၉-၃၅၀၇၃၊ ဦးမိုးဝေလွင်(သရက်ချောင်း) ဖုန်း-၀၉-၈၇၄၁၉၆၃၊ ဒေါ်သန်းသန်းနွဲ့ (သရက်ချောင်း) ဖုန်း-၀၉-၈၇၂၀၈၆၄၊ ကိုအောင်စောလှ(ထားဝယ်မြို့) ဖုန်း-၀၉-၄၉၈၅၀၄၁၃၊ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်(ငြိမ်း)(ရန်ကုန်မြို့) ဖုန်း-၀၉-၈၇၄၂၇၈၇၊ ကိုမိုးကျော်(ရန်ကုန်မြို့) ဖုန်း-၀၁-၇၃၀၃၁၅၂၄၊ ဦးထွန်းလင်း (မြိတ်မြို့) ဖုန်း-၀၉-၄၉၈၇၀၄၈၁၊ ၀၅၉-၄၁၈၃၅နှင့် ကိုသူရ (ကော့သောင်းမြို့) ဖုန်း-၀၅၉-၅၁၉၄၅ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အထက(၄)စမ်းချောင်း အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၅

အထက(၄)စမ်းချောင်း သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၂၉ဦးတို့အား (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများမိတ်ဆုံပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ ယင်းကျောင်းရှိ တော်ဝင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ပါရန် အမှုဆောင်အဖွဲ့က နိုးဆော်ထားသည်။ အလှူငွေထည့်ဝင်လိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးညွှန့်မြင့် ဖုန်း-၀၉-၄၉၂၉၁၁၁၉၊ ဦးမြတ်ဦး ဖုန်း-၀၉-၅၁၈၇၀၆၆၊ ၀၁-၅၂၅၈၂၅၊ ဦးသန်းအောင် ဖုန်း-၀၉-၅၁၇၇၀၅၀၊ ဦးခင်မောင်တိုး ဖုန်း-၀၉-၉၉၂၃၆၉၉၊ ဦးသက်ဝင်း ဖုန်း-၀၁-၅၂၃၂၈၈၊ ဦးဖုန်းမော် ဖုန်း-၀၁-၂၄၉၇၄၉၊ ဦးဝင်းမော် ဖုန်း-၀၉-၅၀၀၆၄၉၀၊ ဦးဝင်းမြင့်သိန်း ဖုန်း-၀၉-၅၀၁၆၂၁၀၊ ဦးကျော်ကျော်လေး ဖုန်း-၀၉-၅၁၀၀၂၆၈၊ ဦးတင်ထက်ကို ဖုန်း-၀၁-၇၃၀၇၀၅၆၉နှင့် ဆရာမဒေါ်သီတာရီ အထက(၄) စမ်းချောင်း ဖုန်း-၀၁-၅၃၄၁၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကို ယမန်နေ့ ညနေပိုင်းတွင် သတ်မှတ်ထားသည့်ဇုန်များ၌ ကျင်းပရာ (က)အုပ်စု ရပခဇုန် (တောင်ကြီး)၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး အသင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် အသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (င)အုပ်စု ရကတဇုန် (ရန်ကုန်)၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (စ)အုပ်စု လပခဇုန် (မန္တလေး)၌ တပ်မတော်(ရေ)အသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို ၁၂ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြသည်။

ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့်ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းက အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို သုံးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ) အုပ်စု နမခဇုန်(မုံရွာ)၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ဂ)အသင်းကို ရှစ်ဂိုး-ဂိုး မရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က) အသင်းက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် (ခ)အသင်းကို သုံးဂိုး- တစ်ဂိုးဖြင့် လည်းကောင်း၊ (င)အုပ်စု ရကတဇုန် (ရန်ကုန်)၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ဂ)အသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (စ)အုပ်စု လပခဇုန်(မန္တလေး)၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို ကိုးဂိုး-ဂိုးမရှိ ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တင်ညွန့်၏ ဒီမိုကရေစီနိုင်ငံတော် ဒီမိုကရေစီနိုင်ငံသားစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၅

စာရေးဆရာတင်ညွန့်၏ ဒီမိုကရေစီနိုင်ငံတော်၊ ဒီမိုကရေစီနိုင်ငံသား စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(ယာပုံ)**

ဒီမိုကရေစီနှင့်ပတ်သက်သမျှ စာတွေ့ ကိုယ်တွေ့ မှတ်ဖွယ်မှတ်ရာ အစုံစုံကို ဆောင်းပါးပေါင်း ၃၃ ပုဒ်ဖြင့် စုစည်းတင်ပြထားခြင်းဖြစ်သည်။ ဒီမိုကရေစီအရေးနှင့် ပတ်သက်၍ ခေတ်ကာလ အလျောက် ရင်ဆိုင်ဖြတ်သန်းမှုမှတ်တမ်းများကို ရေးသားထားသည်။

ဒီမိုကရေစီသည် စည်းကမ်းမဲ့ခြင်းမျိုး မဟုတ်သလို ဖိနှိပ်ချုပ်ချယ်ခြင်းမျိုးလည်း မဟုတ်ပေ။ ပြည်သူများက မိမိတို့ဆန္ဒ သဘောထားနှင့် လွတ်လပ်စွာ မဲပေးရွေးကောက်သော အစိုးရသည်သာ တိုင်းပြည်အကျိုး၊ ပြည်သူအကျိုးအတွက် အားထားနိုင်မည်ဖြစ်သည်။ မည်သူ့ကိုမျှ မျက်နှာကြီးငယ်မလိုက်၊ ဥပဒေနှစ်မျိုး မထား၊ ပြည်သူအားလုံးအတွက် တန်းတူ ဥပဒေတစ်မျိုးဖြင့်သာ အုပ်ချုပ်သော အစိုးရဖြစ်သဖြင့် ထင်ရာစိုင်းခြင်း၊ ထင်ရာလုပ်ခြင်း၊ ချစ်လျှင် ချစ်သလို၊ မုန်းလျှင်မုန်းသလို လုပ်လေ့မရှိဆိုသော ဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံ၏ သဘောသဘာဝများကို စေ့ငုပြထားသည်။

အစိုးရဆိုသည်မှာ ပြည်သူတို့ ကိုယ်စား အုပ်ချုပ်ရသည့်အသွင် ခံယူထားသည်ဖြစ်ရာ နိုင်ငံရေးတွင် ပြည်သူများ၏ စွက်ဖက်ပါဝင်မှုများကို တန်ဖိုးထား လေးစားရသည်။ ဒီမိုကရေစီ အစိုးရများသည် မိမိတို့လုပ်ဆောင်နေသမျှအပေါ် ပြည်သူတို့က ဝင်ရောက်လေ့လာဆုံးဖြတ် အကြံပေးမှုများပြုနိုင်ရန် လမ်းဖွင့်ပေးထားလေ့ရှိသည်။ နိုင်ငံတကာ ဒီမိုကရေစီအတွေးအမြင်များနှင့် မြန်မာ့ဒီမိုကရေစီဇာတ်ခုံပေါ်မှ မြန်မာ့လွတ်လပ်ရေးဖခင်ကြီးအပါအဝင် ဒီမိုကရေစီမြတ်နိုးသူများ၏ သဘောထားအမြင်များကို မိမိတို့လက်ရှိ မြန်မာ့ဒီမိုကရေစီအရေးနှင့် နှိုင်းယှဉ်စဉ်းစားလေ့လာအကဲဖြတ်နိုင်သော စာအုပ်ဖြစ်သည်။ နိုင်ငံတကာ ဒီမိုကရေစီဆိုင်ရာ စိတ်ဝင်စားဖွယ် အကိုးအကားအထောက်အထား ခိုင်ခိုင်မာမာဖြင့် တင်ပြထားသည်။ နိုင်ငံတကာ ဒီမိုကရေစီရေးရာ စာအုပ်များကြားထဲတွင် မြန်မာ့ဒီမိုကရေစီအရေးကို ခေတ်အလိုက် ဖြစ်ပျက်မှု ကောက်ကြောင်းများ၊ အကိုးအကားများနှင့်အတူ နိုင်ငံသားတိုင်း သိရှိထားသင့်သော စိတ်ဝင်စားဖွယ်အကြောင်းများဖြစ်သည်။ ပြည်သူတိုင်း လက်ရှိကာလ၊ နောင်ကာလများ၌ ဒီမိုကရေစီနိုင်ငံတော်စစ်စစ် ဖြစ်ပေါ်ရေး ဖော်ဆောင်မှုတွင် ကိုယ်တိုင်သေချာသိရှိဆန်းစစ်နိုင်မည့် အဆိုပါစာအုပ်ကို Wisdom House အမှတ်(၁၀၁) တိုက် (၁၁၉၁-၁၁၉၂) လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၉-၅၀၅၈၅၃၃၊ ၀၁-၅၄၅၀၃၆၊ ၀၉၄၉-၂၈၈-၉၄၈ မှ ဖြန့်ချိကာ စာအုပ်တန်ဖိုး ငွေကျပ် ၂၀၀၀ ဖြစ်ပြီး စာအုပ်အရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတကာအားကစား

စပါးနှင့် ဗလင်စီယာတို့ ဂိုးပြတ်များဖြင့် အနိုင်ရ ဝိန်းရွှန်နေး၏ ပယ်နယ်တီဂိုးဖြင့် မန်ယူနောက်တစ်ဆင့်တက်

လန်ဒန် နိုဝင်ဘာ ၂၅

ချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၅) ဒုတိယနေ့ပွဲစဉ်များကို ကြာသပတေးနေ့ နံနက်ပိုင်းကကျင်းပခဲ့ရာ စပါးနှင့် ဗလင်စီယာတို့ ဂိုးပြတ်များဖြင့် နိုင်ပွဲရခဲ့ကာ မန်ယူအသင်းသည်လည်း ဝိန်းရွှန်နေး၏ ပယ်နယ်တီဂိုးဖြင့် နောက်တစ်ဆင့်တက်နိုင်ခဲ့ပြီဖြစ်သည်။

စပါး ၃-၀ ဝါဒါဘရီမင်

အင်္ဂလန်မြေဝိုက်ဟတ်လိန်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် စပါးနှင့် ဝါဒါဘရီမင်တို့ပွဲတွင် အိမ်ရှင်စပါးက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

စပါးအတွက်ဂိုးများကို ပထမပိုင်းပွဲအစ ၆မိနစ်တွင် ကာဘိုး၊ ပထမပိုင်းနာကျင်အချိန်ပို ၁မိနစ်တွင် မော့ဒရစ်နှင့် ၇၉ မိနစ်တွင် ပီတာခရော့ချ်တို့က သွင်းယူပေးခဲ့သည်။ အုပ်စု(A)မှ စပါးနှင့် အင်တာမီလန်တို့မှာ လက်ကျန်တစ်ပွဲကစားရန် ကျန်ရှိနေသေးသော်လည်း ရမှတ် ၁၀ မှတ်စီဖြင့် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

ရိန်းဂျားစ် ၀-၁ မန်ယူ

စကော့တလန်မြေတွင် ကစားခဲ့သည့် ရိန်းဂျားစ်နှင့် မန်ယူတို့ပွဲတွင် မန်ယူက ပွဲချိန် ၈၇ မိနစ်တွင် ဝိန်းရွှန်နေး၏ ပယ်နယ်တီသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲတွင် ဝိန်းရွှန်နေးသည် မန်ယူအတွက် ပွဲချိန်ပြည့် ပါဝင်ကစားသွားခဲ့သည်။

အုပ်စု(C)တွင် မန်ယူက ၁၃ မှတ်နှင့် ဗလင်စီယာက ၁၀ မှတ်ဖြင့် နောက်တစ်ဆင့်တက်နိုင်ခဲ့ပြီဖြစ်ပြီး ရိန်းဂျားစ်မှာမူ ယူရိုပါလိဂ်ဝင်ခွင့်ရရှိမည်ဖြစ်ကာ ဘူဆာစပေါ်မှာ အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ရတော့မည်ဖြစ်သည်။

ပင်နာသီယာကော့စ် ၀-၃ ဘာစီလိုနာ

အုပ်စု(D)မှ ပင်နာသီယာကော့စ်နှင့် ဘာစီလိုနာတို့ပွဲတွင် ဧည့်သည်ဘာစီလိုနာက သုံးဂိုးပြတ်ဖြင့် အနိုင်ရကာ နောက်တစ်ဆင့် တက်နိုင်ခဲ့သည်။ ဘာစီလိုနာအတွက် ဂိုးများကို ၂၇မိနစ်နှင့် ၆၉ မိနစ်တို့တွင် ပက်ဒရိုနှင့် ၆၂ မိနစ်တွင် မက်ဆီတို့က သွင်းယူပေးခဲ့သည်။ ကိုပင်ဟေဂင်က ခုနစ်မှတ်နှင့် ရူဘင်ကာဇင်က ခြောက်မှတ်ရထားခြင်းကြောင့် ယင်းနှစ်သင်းမှာ အုပ်စုဒုတိယနေရာအတွက် လက်ကျန်ပွဲကို အနိုင်ကစားရတော့မည်ဖြစ်သည်။

ဘာစီလိုနာအသင်းမှ မက်ဆီ ဤကဲ့သို့ ထိုးဖောက်ကစားခဲ့သည်။

အုပ်စု(B)တွင် ရှော်ကေးက ၁၀ မှတ်ဖြင့် နောက်တစ်ဆင့်တက်နိုင်ခဲ့ပြီး လိုင်ယွန်က ကိုးမှတ်နှင့် ဘင်ဖီကာက ခြောက်မှတ် ရရှိထားသည်။

အခြားပွဲစဉ်ရလဒ်များ

ဟာပိုးလ်တဲလ်အဗစ်	၃-၀	ဘင်ဖီကာ
အင်တာမီလန်	၁-၀	တွမ်တီး
ရူဘင်ကာဇင်	၁-၀	ကိုပင်ဟေဂင်
ရှော်ကေး	၃-၀	လိုင်ယွန်
ဗလင်စီယာ	၆-၁	ဘူဆာစပေါ်

အင်တာနက်။

ဂျူဗင်တပ်စ်သို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားမည့် အဒီဘာယော။

ဗြိတိန်တော်ဝင်မင်းသား ဝီလျံနှင့် ချစ်သူ ကိတ်မစ်ဒယ်လ်တန်။

မင်းသားဝီလျံ၏ လက်ထပ်ပွဲကြောင့် ပရီမီယာလိဂ်ပွဲစဉ်အချို့ ရွှေ့ဆိုင်းမည်

လန်ဒန် နိုဝင်ဘာ ၂၅

ဗြိတိန်နိုင်ငံ၏ တော်ဝင်မင်းသား ဝီလျံနှင့် ၎င်း၏ချစ်သူ ကိတ်မစ်ဒယ်လ်တန်တို့၏ လက်ထပ်ပွဲကို လာမည့် ၂၀၁၁ ခုနှစ် ဧပြီ ၂၉ရက်တွင် ကျင်းပမည်ဟု အတိအလင်းထုတ်ဖော်ကြေညာလိုက်ပြီဖြစ်သည်။

အဆိုပါ တော်ဝင်မိသားစု၏ ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၃၅)အဖြစ်ကစားရမည့် အာဆင်နယ်နှင့် မန်ယူ၊ ချယ်လ်ဆီးနှင့် စပါးတို့၏ပွဲများကို ရွှေ့ဆိုင်းမည်ဟု သိရသည်။ ထို့ပြင် ယင်းမင်္ဂလာပွဲရက်ကို အများပြည်သူ အစိုးရ ရုံးပိတ်ရက်အဖြစ် ဗြိတိန်အစိုးရက တရားဝင်ကြေညာခဲ့ကြောင်း သိရသည်။

အင်တာနက်။

ဂျူဗင်တပ်စ်အသင်း အဒီဘာယောကိုခေါ်ယူရန် သဘောတူညီမှုရရှိ

ရောမ နိုဝင်ဘာ ၂၅

အီတလီစီးရီးအေ ထိပ်တန်းအသင်းကြီးတစ်သင်းဖြစ်သည့် ဂျူဗင်တပ်စ်အသင်းသည် မန်စီးတီးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရရှိသည့် တိုက်စစ်မှူး အဒီဘာယောကို လာမည့်ဇန်နဝါရီလ အပြောင်းအရွှေ့ဈေးကွက်ဖွင့်ချိန်တွင် အငှားစာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဟု သိရသည်။

အာဆင်နယ်ပရိသတ်၏ လက်မခံမှုကြောင့် မန်စီးတီးသို့ရောက်ရှိလာသည့် အဒီဘာယောမှာ မန်စီးတီးတွင် တိုက်စစ်မှူးများ များပြားနေခြင်း၊ တိုဗက်ဇ် ပုံမှန်ခြေစွမ်းပြနေခြင်းတို့ကြောင့် ပုံမှန်ပွဲထွက်ခွင့် မရရှိခြင်းဖြစ်သည်။ ယခုနှစ် ဘောလုံးရာသီတွင် မန်စီးတီးအသင်းသို့ မာရီယိုဘာလော့တယ်လီရောက်ရှိလာခြင်းကလည်း အဒီဘာယောအတွက် နေရာပျောက်စေမှုတစ်ရပ်ဖြစ်ခဲ့ရသည်။ ***အင်တာနက်။***

အာဆင်နယ်ကစားသမား ဖာဘရီဂက်စ် သုံးပတ်ခန့်နားရမည်

လန်ဒန် နိုဝင်ဘာ ၂၅

အာဆင်နယ်အသင်း၏ အဓိကကစားသမားဖြစ်သည့် အသင်းခေါင်းဆောင် ဖာဘရီဂက်စ်သည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက ဘရာဂါအသင်းကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ် (၅)တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့သည်။ အဆိုပါဒဏ်ရာကြောင့် ဖာဘရီဂက်စ်မှာ သုံးပတ်ခန့် နားရတော့မည်ဖြစ်သည်။

ယင်းပွဲတွင် ဖာဘရီဂက်စ်မှာ တံကောက်ကြောဒဏ်ရာကြောင့် ပွဲချိန် ၆၉ မိနစ်တွင် ကွင်းလယ်ကစားသမား နာဆရီနှင့်လူစားလဲခဲ့ရသည်။ ယင်းအပြင် အာဆင်နယ်အသင်း၏ နောက်ခံလူတစ်ဦးဖြစ်သည့် အီဘိုယေးမှာ ပွဲချိန်ပြည့်ပါဝင်ကစားသွားခဲ့သော်လည်း ဒူးဒဏ်ရာကြောင့် အနားယူရဖွယ် ရှိနေသည်။ အာဆင်နယ်အသင်းသည် ယင်းပွဲတွင် ဖာဘရီဂက်စ်၊ ဝေါလ်ကော့နှင့် ဘန်တနာတို့ကို ထုတ်ပြီးမှ ဘရာဂါအသင်းကို နှစ်ဂိုးပေးခဲ့ရခြင်းဖြစ်သည်။ ဖာဘရီဂက်စ်ဒဏ်ရာရခဲ့ခြင်းမှာ အာဆင်နယ်အသင်းအတွက် အကြီးမားဆုံး ထိုးနှက်ချက်တစ်ရပ်ဖြစ်သည်။

အင်တာနက်။

ဝင်းတင် (ကြေးမုံ)

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဆက်လက်ကျင်းပ အိမ်ရှင်တရုတ်နိုင်ငံ ဆုအပြတ်အသတ်ဖြင့် ဦးဆောင်

ကွမ်ကျိုး နိုဝင်ဘာ ၂၅

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို တရုတ်နိုင်ငံ ကွမ်ကျိုးမြို့တွင် နိုဝင်ဘာ ၁၂ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိသည်။ အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း ၄၅ နိုင်ငံမှ အားကစားသမားပေါင်း ၉၇၀၄ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲ၏ ၁၄ ရက်မြောက်ဖြစ်သည့် (ယနေ့)တွင် အိမ်ရှင်တရုတ်အသင်းက ရွှေ ၁၇၉ ခု၊ ငွေ ၁၀၃ ခု၊ ကြေး ၉၁ ခု စုစုပေါင်း ဆုတံဆိပ် ၃၇၃ ခု ဖြင့် ဦးဆောင်နေကာ ၎င်း၏နောက်တွင် တောင်ကိုရီးယားနှင့် ဂျပန်တို့ ရှိနေကြသည်။

အင်တာနက်။



နိုဝင်ဘာ ၂၃ ရက်က အမျိုးသမီးတစ်ဦးချင်း မြားပစ်ပြိုင်ပွဲဝင်နေသည့် တောင်ကိုရီးယားမှ မြားပစ်မယ်တစ်ဦးအား တွေ့ရစဉ်။

ခြေထောက်ဒဏ်ရာကြောင့် ဟော့ပ်မန်းဖလားနှင့် ဩစတြေးလျ အိုးပင်းတံခွန်စိုက် ဆရီနာဝီလျံလွဲချော်မည်

လန်ဒန် နိုဝင်ဘာ ၂၅

တင်းနစ်မယ် ဆရီနာဝီလျံသည် ဝင်ဘယ်လ်ဒန်တွင် အောင်ပွဲခံပြီးနောက် သူမ၏ ခြေဖဝါးကိုရှပြီး နှစ်ကြိမ်တိုင်တိုင် ခွဲစိတ်ကုသနေရ၍ မကစားနိုင် ဖြစ်နေရသည်။

ခြေထောက်ခွဲစိတ်ကုသမှု ခံယူထားသည့် ဆရီနာဝီလျံအား ယမန်နှစ် ဩစတြေးလျအိုးပင်း ချန်ပီယံဆုဖလားနှင့်အတူ တွေ့ရစဉ်။

အသက်(၂၉)နှစ် ရှိပြီဖြစ်သည့် ဆရီနာဝီလျံသည် သူမပြန်လည်ကစားနိုင်ရန် နှစ်ကြိမ်တိုင်တိုင်ရွှေ့ဆိုင်းနေရပြီး ဒဏ်ရာလုံးဝမပျောက်ကင်းသရွေ့ ပြန်လည်ကစားမည်မဟုတ်ဟု ပြောကြားခဲ့သည်။

ဆရီနာဝီလျံသည် ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲများတွင် (၁၃)ကြိမ်တိုင် ဗိုလ်စွဲခဲ့သူဖြစ်သည်။ ခြေထောက်ပြန်လည်ကောင်းမွန်လာရန် ဆုတောင်းရင်း ဩစတြေးလျနှင့် ကမ္ဘာတစ်လွှားရှိ ပရိသတ်အပေါင်းတို့ကို သူမပြန်လည်ကစားနိုင်သည်နှင့်တစ်ပြိုင်နက် ယခင်ကထက် ပိုကောင်းအောင် ကြိုးစားကစားပါမည်ဟု ကတိပေးပြောကြားခဲ့သည်။ ***အင်တာနက်။***

စိုးတင့်နိုင်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြင်ဦးလွင်နှင့် ရတနာပုံမြို့သစ်အတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေဖူလုံစေရန် ပွဲကောက်ရေလှောင်ဆည်တည်ဆောက်

နိုင်ငံတော်အစိုးရက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်နှင့် ရတနာပုံမြို့သစ်အတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေ ပေးဝေနိုင်ရန်နှင့် နောင်အနာဂတ်တွင် ဒေသဖွံ့ဖြိုးတိုးတက်လာစေရန်တို့ကို ရည်ရွယ်၍ ပွဲကောက်ရေလှောင်ဆည်ကို တည်ဆောက်ပေးလျက်ရှိသည်။

မိမိတို့သတင်းအဖွဲ့သည် ပွဲကောက်ရေလှောင်ဆည် တည်ဆောက်မှုလုပ်ငန်းများကို ကွင်းဆင်းလေ့လာရန် နေပြည်တော်မှ မန္တလေးသို့ အမြန်ရထားဖြင့် ထွက်ခွာခဲ့ကြသည်။ မန္တလေးမြို့တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂) နတ်ရေကန်(အမရပူရ)စခန်းခွဲမှ ဦးစီးမှူး(ငြိမ်း) ဦးဝင်းမောင်၏ ကူညီဆက်သွယ်ပေးမှုဖြင့် ပြင်ဦးလွင်ရှိ ပွဲကောက်ရေလှောင်ဆည် တည်ဆောက်နေသည့် နယ်မြေသို့ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**❖

စက်ယန္တရားကြီးမြောက်မြားစွာသုံး၍ ပွဲကောက်ရေလှောင်ဆည် အချိန်မီပြီးစီးရေး ဆောင်ရွက်နေကြစဉ်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း ခင်မောင်သန်း(စက်မှု)

ယနေ့ သတင်းအညွှန်း

စပါးနှင့်ပလင်စီယာတို့ ဂိုးပြတ်များဖြင့်အနိုင်ရ၊ ဝိန်းရှွန်နေး၏ ပယ်နယ်တီဂိုးဖြင့် မန်ယူနောက်တစ်ဆင့်တက်။

သတင်း စာမျက်နှာ - ၁၁

ခြေထောက်ဒဏ်ရာကြောင့် ဟောပ်မန်းဖလားနှင့် ဩစတြေးလျ အိုးပင်း တံခွန်စိုက် ဆရီနာဝီလျံလွဲချော်မည်။

သတင်း စာမျက်နှာ - ၁၁

နျူထိပ်ဖူးသယ်ဆောင်နိုင်သည့် တာတိုပစ်ဒုံးကျည် အိန္ဒိယစမ်းသပ်ပစ်ခတ်။

သတင်း စာမျက်နှာ - ၄

ထူးခြားသည့် ညအပူချိန်များ

၂၅-၁၁-၂၀၁၀

ဟားခါး	၃	ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၆	ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၇	ဒီဂရီစင်တီဂရိတ်